# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
# Democratic Party for a New Society(DPNS)

## ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၂)၊ အမှတ် (၃) ဇွန်၊ ၂၀၁၈






## ပါတီဝင်လက်စွဲ (စ - ၄၃)

လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီသည် လူ့အဖွဲ့အစည်းအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်ရေးအတွက် လူသားတို့အတူတကွ ရုန်းကန်လှုပ်ရှားခဲ့ရသော တိုက်ပွဲများ၊ သမိုင်းများအား ယုံကြည်သည်။

အတူတကွ ရုန်းကန်လှုပ်ရှားမှုများဖြင့်သာ တနည်းအားဖြင့် သွေးစည်းညီညွတ်သော လှုပ်ရှားမှုများဖြင့်သာ လူသားတို့သည် ပိုမိုတိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်းများအား ဆက်လက်တည်ဆောက်နိုင်ကြပေလိမ့်မည်။

စီ စဥ် သူ
ဦးအောင်မျိုးဦး

Main ပုံနှိပ်တိုက်(၀၁၁၁၉)
အမှတ်(၁၉၁)၊ ၃၉ လမ်း(အလယ်)
ကျောက်တံတားမြို့နယ်တွင်
စောင်ရေ - ၁၀၀၀ ရိုက်နှိပ်၍
ပါတီတွင်းကန့်သတ်အဖြစ်
အခမဲ့ဖြန့်ဝေသည်

## မာတိကာ

၂၀၀၈ နဲ့ နိုင်ငံသား — စာ ၃
လူမှုဝန်းကျင်လုံခြုံမှုဆိုတာ မရှိမဖြစ်လိုအပ်ချက်ဖြစ်တယ် — စာ ၅
ငြိမ်းချမ်းရေးနဲ့ ရပ်တည်ချက်၊ အမြင်၊ နည်းနာ — စာ ၇
၄၄ နှစ်မြောက် မဆလစစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးအထိမ်းအမှတ်ပွဲတွင် ပါတီဥက္ကဋ္ဌ၏ ဆွေးနွေးတင်ပြချက်များ — စာ ၈
အမျိုးသမီးများအတွက် လွတ်လပ်မှု၊ လူမှုတရားမျှတမှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုဆိုတာ — စာ ၁၁
အနာခစ်ဇင်း — စာ ၁၃

ပြော ချင် တဲ့ အ ကြောင်း

# ပြည်သူတို့၏ ငြိမ်းချမ်းရေးလှုပ်ရှားမှု

မိမိတို့တိုင်းပြည်၏ သက်တမ်း နှစ် ၇၀ ဟူသည် ပြည်တွင်းစစ်သက်တမ်းပင်ဖြစ်၏။

လွတ်လပ်သော တိုင်းပြည်တစ်ပြည်အဖြစ် တရားဝင်ကြေညာအပြီး၊ နှစ်လကျော်ခန့်အကြာတွင်ပင် ဒီမိုကရေစီဆိတ်သုဉ်းမှုက စစ်အခြေအနေဆီသို့ ဆိုက်ရောက်စေခဲ့၏။ ဒီမိုကရေစီအခွင့်အလမ်းတို့သာမက နိုင်ငံသား လူမျိုးချင်းချင်းအကြား တန်းတူမှုတို့ ကွယ်ပခဲ့သည်။ မိမိလူမျိုးကြမ္မာကို မိမိတို့ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အဖျက်ဆီးခံကြရသည်။ လွန်လေသည့် နှစ် ၇၀ တွင် မြန်မာပြည်ဝယ် လက်နက်ကိုင်တော်လှန်စစ်မဆင်နွှဲဖူးသည့်လူမျိုးဟု မကျန်သကဲ့သို့ ဖြစ်ခဲ့ပေသည်။

အသက်၊ ခန္ဓာ၊ အိုးအိမ်၊ ဥစ္စာ၊ ပညာ၊ စီးပွား၊ ကျန်းမာရေး၊ ဖွံ့ဖြိုးခွင့် အရာရာ တိုက်ရိုက် ထိခိုက်နစ်နာရသူ လူမျိုးပေါင်းစုံပြည်သူတို့ကလည်း ပြည်တွင်းစစ်စတင်၍ ခုနှစ်လ မပြည့်မီတွင်ပင် စစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေး လူထုလှုပ်ရှားမှုကို စတင်လိုက်ကြလေသည်။

၁၉၄၈၊ စက်တင်ဘာတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း အမှူးပြုသည့် အမှုဆောင် ၁၇ ဦးပါ 'နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့' က ပြည်သူလူထုကြီးနှင့် နိုင်ငံအာဏာပိုင်အစိုးရအား အချက် (၆) ချက် ပါဝင်သည့် ပန်ကြားချက်ကို ထုတ်ပြန်နှိုးဆော်ခဲ့၏။ ပြည်သူလူထုကိုယ်တိုင် ပါဝင်စီမံခွင့်ရှိစေသည့်၊ ဒီမိုကရေစီကို တန်ဘိုးထားရာရောက်စေသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို မိတ်ဆက်တင်ပြလိုက်ခြင်းဖြစ်ပေသည်။

ယင်းမှနောက် ယနေ့တိုင် အစိုးရရှစ်ဆက် လဲခဲ့ပေပြီ။ အပစ်ရပ်ရေး၊ ငြိမ်းချမ်းရေး၊ စေ့စပ်ဆွေးနွေးရေး စသည်ဖြင့် အစိုးရများ၏အစီအမံဖြင့် ချဉ်းကပ်သော ငြိမ်းချမ်းရေး ဖော်ဆောင်မှုအမျိုးမျိုးလည်း ပေါ်ခဲ့၊ ပေါ်ကြည့်ဖူးခဲ့ကြပြီဖြစ်သည်။ မြန်မာပြည်လူမျိုးစုံပြည်သူများကလည်း မိမိတို့ကိုယ်တိုင် ပါဝင်စီမံပိုင်ခွင့်ရှိသော ငြိမ်းချမ်းရေးဖော်ဆောင်မှုလမ်းကို တစိုက်မတ်မတ် လျှောက်ခဲ့ကြသည်။

ယခင်သည် ဟောင်းခဲ့ပြီ။ ယခုသည် အသစ်ဖြစ်ကောင်းပေ၏။

ပြည်သူတို့က ကာယကံရှင်၊ ပြည်သူတို့သာ အခရာဟု အသေအချာ ယုံမှတ်သော အာဏာပိုင်အစိုးရမျိုး၏ အစီအမံနှင့် မိမိကြမ္မာမိမိဖန်တီးရန် ထက်သန်နိုးကြားသည့် ပြည်သူများ၏လမ်းစဉ်တို့ ဆုံမှတ်တစ်ခုဝယ် ပေါင်းစပ်မျှတလျက် ငြိမ်းချမ်းရေးက အောင်ပွဲခံမည့် မင်္ဂလာနေ့သစ်အား လှမ်း၍မျှော်ကြည့်မိပေသည်။

**အယ်ဒီတာအဖွဲ့**

---

## တိုင်းရင်းသားနိုင်ငံရေးအင်အားစုများနှင့် ပတ်သက်သောသဘောထား

တိုင်းရင်းသားလူမျိုးအသီးသီး၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်သည် လူမျိုးတိုင်း၏ မွေးရာပါ အခွင့်အရေးဖြစ်သည်။ ၎င်းတို့တွင် ကိုယ်ပိုင်ဒေသ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ဘာသာစာပေတို့မှာ မူလကတည်းက တည်ရှိပြီးဖြစ်သည်။ ပဒေသရာဇ်စနစ်၊ နယ်ချဲ့စနစ်၊ စစ်အာဏာရှင်စနစ်နှင့် ဖောက်ပြန်သည့်အုပ်စိုးသူတို့ကြောင့်သာ တိုင်းရင်းသား လူမျိုးအသီးသီး၏ တရားအရ တည်ရှိပြီးအခွင့်အရေးတို့သည် စော်ကားဖျက်ဆီးခြင်း ခံနေရပေသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် မွေးရာပါအခွင့် အရေးများကို ခုခံကာကွယ်နေသော နိုင်ငံရေး၊ လူမှုရေး လှုပ်ရှားမှုအသီးသီးသည် တရားမျှတသော လှုပ်ရှားမှုများဖြစ်သည်ဟု မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ယုံကြည်သည်။

တိုင်းရင်းသားလူမျိုးအသီးသီး၏ မွေးရာပါအခွင့်အရေးတို့အား အာမခံခြင်းသည် တိုင်းပြည်၏ ငြိမ်းချမ်းရေးအား တည်ဆောက်ခြင်းလည်းဖြစ်ပေသည်။

# ၂၀၀၈ နဲ့ နိုင်ငံသား

■ စောဝင်း ■

၂၀၀၈ ဖွဲ့စည်းပုံမှာ ပုဒ်မ (၃၄၅) ကနေ (၃၉၀) ဟာ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ဖော်ပြပါတယ်။ စုစုပေါင်း ပုဒ်မ (၄၆) ခု ပါဝင်ပါတယ်။ ရှေ့ဦးပုဒ်မ ၃၇ ခု (၃၄၅ – ၃၈၁) ဟာ နိုင်ငံသား၊ နိုင်ငံသား အခွင့်အရေးများလို့ ဆိုနိုင်တယ်။ နောင်းပိုင်း ပုဒ်မ ၉ ခုကိုတော့ နိုင်ငံသားတွေရဲ့ တာဝန်ရှိမှုကို ဖော်ပြတယ်လို့ သတ်မှတ်ရပါလိမ့်မယ်။ တွေ့နေကျ ဥပဒေအများစုရဲ့ ရှေ့နောက်မညီညွတ်နေကျ ပုံစံအတိုင်း အခွင့်အရေးပိုင်းနဲ့ တာဝန်ပိုင်း အပြန်အလှန် ခြေဖျက်မှု ပေါ်ပေါက်ပြီး အကျိုးရလဒ် သုညဖြစ်တတ်တာမျိုးက မဆန်းဘူး ထင်ပါရဲ့။ ကျနော်တို့ ၂၀၀၈ မှာ ဆန်းတယ် ထင်မိတာက အခွင့်အရေးပိုင်းဖော်ပြမှု (၃၄၅ – ၃၈၁) မှာဘဲ ရှေ့နောက်မညီညွတ်တာ၊ အပြန်အလှန် ခြေဖျက်တဲ့သဘော ဆောင်တာတွေ (အစီအစဉ်ရှိရှိ ထည့်ထားပုံရ) တွေ့ရတာကို တင်ပြချင်ပါတယ်။

ပုဒ်မ **၃၄၅ (က)ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ဖြစ်ပြီးသူ**။

ဒီ ၂ မျိုးဟာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံသားတွေ ဖြစ်တယ်လို့ ဆိုပါတယ်။

ကောင်းပြီ၊ ကပ်လျက်ဖြစ်တဲ့

**ပုဒ်မ ၃၄၆ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်**။ ရဲ့ အနက်အဓိပ္ပာယ် အတိအကျကို စဉ်းစားကြရအောင်။ ပုဒ်မ ၃၄၅ (က)၊ (ခ) တို့အရ နိုင်ငံသားဖြစ်နေပြီးသူတွေကို ဘယ်ဥပဒေနဲ့ ဘယ်လို ပြဋ္ဌာန်းပြီး နိုင်ငံသား ဖြစ်၏၊ မဖြစ်၏ အငြင်းပွားချင်နေသေးတာလဲ့ တွေးစရာဖြစ်လာပါပြီ။ ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဆိုတဲ့ စကားရပ်ကလည်း (ဥပဒေပညာရှင်များ သိကြမှာပါ) အခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပြီးသား အခြေခံအခွင့်အရေးတစ်ရပ်ကို ကျော်လွန်ပြီး (တနည်း) ဆန့်ကျင် ချေဖျက်ပြီး ဘယ်ဥပဒေကိုမှ ပြဋ္ဌာန်းခွင့်ရှိရိုး ထုံးစံမရှိတာ။ တကယ်က ပုဒ်မ ၃၄၆ မှာ **နိုင်ငံသားဖြစ်ခြင်း** ဆိုတဲ့ စကားရပ်ကမထည့်သွင်းသင့်ပါဘဲ အစီအစဉ်ရှိရှိ တမင်ထည့်ထားတဲ့(တနည်း) မကောင်းတတ်လို့ ဖော်ပြရိုးဖော်ပြစဉ်အဖြစ် ဖော်ပြလိုက်ရတဲ့ ပုဒ်မ ၃၄၅ (က)၊ (ခ) တို့ကို ပြန်ချေဖျက်ဖို့ ကြိုးစားထားတဲ့လုပ်ရပ်လို့ ကောက်ချက်ချစရာ ဖြစ်ပါတယ်။ တကယ်က **နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းတို့သည် ဥပဒေဖြင့်** ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည် ဆိုတာကသာ ဖော်ပြစရာလိုပါတယ်။

ဒီနေရာမှာတောင် ပြောစရာက **ဤအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေးတို့ကို မဆန့်ကျင်သည့်ဥပဒေ** ဖြင့်လို့ ဆိုပါမှ တကယ် တိကျ၊ မှန်ကန်နိုင်ပါလိမ့်မယ်။

ဆက်ပြီး ထောက်ပြချင်တာက ပုဒ်မ ၃၄၈၊ ၃၅၃၊ ၃၅၄ တို့က ပေးထားတဲ့ အခွင့်အရေးများဟာ ပုဒ်မ ၃၆၁ ကို ဆက်လက် ပြဋ္ဌာန်းဖော်ပြလိုက်တဲ့အခါမှာ တိကျ၊ ပြည့်စုံတဲ့ အနက်အဓိပ္ပာယ် မရနိုင်တော့ဘူးဆိုတဲ့ အကြောင်းပါ။

**ပုဒ်မ ၃၄၈ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။**

ပုဒ်မ ၃၅၃ ကတော့ တည်ဆဲဥပဒေအရ အပြစ်ပေးတာကလွဲရင် အသက်နဲ့ ပုဂ္ဂိုလ်လွတ်လပ်ခွင့်တွေ မဆုံးရှုံးစေရလို့ ဆိုလိုပြီး၊ ၃၅၄ (က)၊ (ခ)၊ (ဂ)၊ (ဃ) တို့ကတော့ လုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေး၊ ကိုယ်ကျင့်တရားဆိုင်ရာ ပြဋ္ဌာန်းကန့်သတ်မှု စတာတွေနဲ့ မဆန့်ကျင်ဘူးဆိုရင် ယုံကြည်ရာကို လွတ်လွတ်လပ်လပ် ထုတ်ပြောနိုင်၊ရေးနိုင်တယ်။ ငြိမ်းချမ်းစွာ စုဝေးနိုင်၊ စီတန်းလှည့်လည်နိုင်တယ်။ အသင်းအဖွဲ့တွေ ဖွဲ့နိုင်၊ ပါဝင်နိုင်တယ်။ တစ်ဦးနဲ့တစ်ဦး မထိခိုက်စေဘဲ ကိုယ့်ရဲ့စကား၊ စာ၊ ယဉ်ကျေးမှု၊ ဘာသာကိုးကွယ်မှု၊ ဓလေ့ထုံးစံတွေ ဆောင်ရွက်နိုင်တယ် စသည်ဖြင့် ဆိုလိုတာပါ။ သဘောသိရင် လုံလောက်ပြီမို့ ပုဒ်မစာသားတွေအတိုင်း အရှည် ပြန်မရေးတာပါ။ စာအုပ်စိမ်း (ကြီး၊သေး)မှာ ရှာဖတ်လို့ရပါတယ်။

ပုဒ်မ ၃၆၁ **နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာ သာသနာတော် ဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။** လို့ ထပ်ပြဋ္ဌာန်းလိုက်ပြန်ပါတယ်။ စေ့စေ့

တွေးတဲ့အခါ ရေးရေးမှုမကေ ဘွင်းဘွင်းကြီး ပေါ်နိုင်စရာပါ။ ပုဒ်မ ၃၆၁ ဟာ အခု ခေတ်စားလာတဲ့ ၉၆၉ မျိုးချစ်တို့ကို ၂၀၀၈ ကတည်းက အခြေခံဥပဒေနဲ့ လှမ်းမျက်စပစ်ပြထားတဲ့ ပုဒ်မလို့ ဆိုရပါမယ်။

လောအကြီးလွန်ပြီး နိုင်ငံတော်သည်၊ နိုင်ငံတော်က လို့ ဝါကျတစ်ခုတည်း ကတ္တားပုဒ်နှစ်ခု ထပ်သုံးထားမိတာ လည်း ရုပ်ပျက်ဆင်းပျက် မြင်နိုင်ပါတယ်။ အဲ့ဒီဘာသာ ကိုးကွယ်မှု တစ်ခုတည်းက သီးခြား၊ အခွင့်ထူးရှိနေတဲ့ သဘော ဆိုညွှန်းလိုက်တဲ့နောက် လူမျိုး၊ ဇာတိ၊ ကိုးကွယ် ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြုပြီး မခွဲခြားဘူးဆိုတာတို့၊ တစ်ဦးချင်း လွတ်လပ်ခွင့်တို့ စတဲ့ပုဒ်မ ၃၄၈၊ ၃၅၃၊ ၃၅၄ တို့က ပေးတယ်ဆိုတဲ့ အခွင့်အရေးများဟာ ကပေါက်တိကပေါက်ချာဇာတ် ခင်းသွားကြရပြီ ဖြစ်တယ်။

အခု ဖော်ပြခဲ့တာက နိုင်ငံသားတွေရဲ့ အခွင့်အရေး တွေကို ပြဋ္ဌာန်းထားတဲ့ ပုဒ်မအပိုဒ်တွေကိုယ်တိုင် အချင်းချင်း ချေဖျက်နေကြောင်း ထောက်ပြချက်များပါ။ တာဝန်တွေကို ဖော်ပြတဲ့အခါ အခွင့်အရေးတွေကို မသိမသာ ပြန်လည် လျှော့ ချ၊ ချေဖျက်ပစ်တတ်တာက အခြေခံဥပဒေများရဲ့ သဘာဝ အလျောက် မထူးဆန်းဘူး ဆိုနိုင်ပေမယ့် အခွင့်အရေးဖော်ပြမှု အချင်းချင်း ဒီလို ဝိရောဓိဖြစ်တာကတော့ ၂၀၀၈ ရဲ့ ထူးခြား ချက်လို့ ဆိုရပါမယ်။

ပုဒ်မ ၃၅၃၊ ပုဒ်မ ၃၅၆၊ ပုဒ်မ ၃၅၇၊ ပုဒ်မ ၃၆၅ တို့က ပေးထားတဲ့ အခွင့်အရေးတွေဟာ ဒီအခြေခံဥပဒေရဲ့ အောက်က(တနည်း) အခြေခံဥပဒေကို မဆန့်ကျင်ဘဲ၊ နာခံပြီး သား ပြဋ္ဌာန်းခွင့်ရှိရမယ့်ဥပဒေ၊ နည်းဥပဒေတွေကြောင့် တကယ်မရရှိနိုင်ဘဲ ဖြစ်နေကြရပုံများကို နောင် ဆက်ဖော်ပြ ပါဦးမယ်။

■ စောဝင်း

## အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် သဘောထား

လက်ရှိအစိုးရ၏ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် ပြုလုပ်နေသော အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးလက်ခံနိုင်သည့် မူဝါဒသဘောထားနှင့် အကောင်အထည်ဖော်မှုများ လိုအပ်လျက် ရှိသည်။ တိကျသော အချိန်ဇယားသတ်မှတ်မှု ရှိသင့်သည်။ အစိုးရ၏ လက်ရှိဆောင်ရွက်နေမှုများတွင် အားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်၍ ခိုင်မာသည့် မူဝါဒသဘောထားများ ထင်ထင်ရှားရှား မတွေ့မြင်ရသေးချေ။

နိုင်ငံရေးပြဿနာများအား နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာမှသာလျှင် စစ်မှန်သည့်ငြိမ်းချမ်းရေးအား တည်ဆောက် နိုင်မည်ဖြစ်သည်။ ယနေ့တိုင်းပြည်၏ လိုအပ်ချက်သည် နိုင်ငံရေးအင်အားစုအားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးပွဲ စကားဝိုင်းမှ တဆင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး သဘောတူညီမှုများ(National Accord) ရရှိရေးဖြစ်သည်ဟု မိမိတို့ပါတီမှ သဘောထားသည်။

## လူမှုဖူလုံရေးမူဝါဒဖော်ဆောင်ရေး ဆွေးနွေးပွဲတရပ် ကျင်းပပြုလုပ်



SocDem(Asia)၏ စီစဉ်မှုဖြင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ရှမ်း တိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် လူမှုဖူလုံရေးမူဝါဒ ဖော်ဆောင်နိုင်ရန် ဆွေးနွေးပွဲကို တောင် ကြီးမြို့တွင် ၂၀၁၈၊ ဇွန်လ ၃ ရက်နေ့က ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲ၌ မြန်မာ နိုင်ငံ၏ လူမှုဖူလုံရေးနယ်ပယ်တွင် ရင်ဆိုင် ကြုံတွေ့နေရသည့် ပြဿနာများ၊ စိန်ခေါ် မှုများနှင့် ပတ်သက်၍ အကျယ်အပြန့် ဆွေးနွေးခဲ့ကြပြီး ပြုပြင်ပြောင်းလဲသင့် သည်များကို အတူတကွရှာဖွေစုစည်းခဲ့ကြပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ကဏ္ဍအသီးသီးတွင် လက်တွေ့ဆောင်ရွက်နေကြသည့် နှစ်ပါတီလုံးမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး နှစ်ပါတီချစ်ကြည်ရင်းနှီးမှုကိုပါ အလုပ်ဖြင့်တည်ဆောက်ခဲ့ကြပါသည်။

# လူမှုဝန်းကျင်လုံခြုံမှု (Community Security) ဆိုတာ မရှိမဖြစ် လိုအပ်ချက်ဖြစ်တယ်

■ ကြယ်စင်မြစ် ■

**လုံခြုံမှု(Security)ဆိုတာဘာလဲ**

လုံခြုံမှု(Security) ဆိုတာကို လူအချို့က အဲဒီ လူမှုဝန်းကျင်မှာ စစ်ပွဲတွေမရှိတာ၊ သေနတ်သံတွေ မကြားရတာ၊ သတ်တာဖြတ်တာတွေ၊ လုတာယက်တာတွေ မရှိတာလို့ ယေဘူယျအားဖြင့် မြင်တတ်ကြပါတယ်။

တကယ်ကတော့ ဒီလောက်နဲ့ မလုံလောက်ပါဘူး။

အကာအကွယ်ကင်းမဲ့နေတာ၊ နစ်နာမှုတွေအတွက် ဖြေရှင်းစရာနေရာတွေ ကင်းမဲ့နေတာ၊ အခွင့်အရေးတွေ ကင်းမဲ့နေတာ၊ မျှော်လင့်ချက်တွေ ကင်းမဲ့နေတာ၊ မရေရာမသေချာမှုတွေ တစ်ခုပြီး တစ်ခု ကြုံဆုံရင်ဆိုင်နေရတာ၊ ဘာအာမခံချက်မှ မရှိတော့ဘဲ နေ့စဉ်ဘဝတွေမှာ ကြောင့်ကြမှုတွေ မအေးချမ်းမှုတွေ စိုးရိမ်သောကတွေ ဖြစ်ပေါ်ခံစားနေရတာ စတာတွေအကုန်လုံးဟာလည်း လုံခြုံမှုမရှိခြင်း၊ လုံခြုံမှုကင်းမဲ့နေခြင်းပဲ ဖြစ်ပါတယ်။

**လုံခြုံမှု( Security)နှင့်**
**ဖွံ့ဖြိုးတိုးတက်မှု(Development)ရဲ့ အဆက်အစပ်**

အဲဒီလိုမျိုး လုံခြုံမှုတွေ ကင်းမဲ့နေတဲ့ လူ့အဖွဲ့အစည်း၊ လူ့အသိုက်အဝန်း၊ လူမှုဝန်းကျင်မျိုးမှာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုဆိုတာတွေလည်း ဘယ်လိုမှ မရှိနိုင်တော့တဲ့အတွက် အကျိုးဆက်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုတာလည်း ဖြစ်နိုင်ဖို့ အင်မတန်ကို ခက်ခဲသွားမှာဖြစ်ပါတယ်။

ကျမယုံကြည်မှုအရ ပြောရရင် လုံခြုံမှုဆိုတာ လူသားအားလုံးအတွက် အကျိုးခံစားခွင့်တစ်ခု ဖြစ်ပါတယ်။ လုံခြုံမှုဟာ လူသားအားလုံး သာယာဝပြောတဲ့ဘဝမျိုး ပိုင်ဆိုင်နိုင်ဖို့အတွက် အဓိကကျတဲ့ အခြေခံလိုအပ်ချက်လည်း ဖြစ်ပါတယ်။ လုံခြုံမှုမရှိဘူးဆိုတာနဲ့တပြိုင်နက် ဆင်းရဲမွဲတေမှုနဲ့ မတရားမှုတွေက ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရောက်ရှိလာတတ်လို့ပဲဖြစ်ပါတယ်။ ကျမတို့နိုင်ငံရဲ့ လက်တွေ့တွေကိုပဲကြည့်ကြည့် နိုင်ငံတကာက လက်တွေ့တွေကိုပဲကြည့်ကြည့် ဒီအချက်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီလိုအတွေ့အကြုံပေါင်းများစွာကို အခြေခံပြီး ၂၀၀၅ ခုနှစ်မှာပြုလုပ်တဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရဲ့ ကမ္ဘာလုံးဆိုင်ရာ အစည်းအဝေးကနေ အောက်ပါကောက်ချက်တစ်ရပ်ကို တညီတညွတ်တည်း ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။

''ဖွံ့ဖြိုးရေး(Development)၊ ငြိမ်းချမ်းရေး(Peace)၊ လုံခြုံမှု(Security)နှင့် လူ့အခွင့်အရေး(Human Rights) တို့ဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသလို အပြန်အလှန်လည်း ပံ့ပိုးထောက်ကူ နေကြတယ်''

အဓိပ္ပာယ်က လူ့အဖွဲ့အစည်းတစ်ခုသို့မဟုတ် လူမှုဝန်းကျင်တစ်ခုမှာ အထက်မှာဖော်ပြထားတဲ့ ၄ ချက်က တစ်ချက်မရှိလျှင် နောက်အချက်တွေလည်း မရှိနိုင်ဘူးလို့ အတိအလင်းထောက်ပြလိုက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်ချင်တဲ့ ဘယ်သူမဆိုဟာ လုံခြုံမှုရှိတဲ့လူမှုဝန်းကျင်တခုကို ဦးစွာအားဖြင့် မဖြစ်မနေ ကြိုးစားတည်ဆောက်ရမှာ ဖြစ်တယ်လို့ ကျမအနေနဲ့ ယူဆမိပါတယ်။

ဒါကြောင့်မို့လို့ လုံခြုံမှုဆိုင်ရာစိန်ခေါ်ချက်တွေကို ဘယ်လို ဖြေရှင်းကြမလဲဆိုတဲ့အချက်ဟာ ကျမတို့ မဖြေလို့မရတော့တဲ့ မေးခွန်း၊ ကျော်သွားလို့မရနိုင်တဲ့ မေးခွန်း ဖြစ်လာခဲ့ပါတယ်။

**လုံခြုံမှု ( Security) ကို တည်ဆောက်ဖို့ ဘယ်သူတွေမှာ တာဝန်ရှိသလဲ**

ဖြေရှင်းရမယ့်တာဝန်က ဘယ်သူတွေမှာရှိသလဲ၊ ဒါကလည်း အရေးကြီးတဲ့ မေးခွန်း ဖြစ်ပါတယ်။ အချို့က ဒီပြဿနာမျိုး၊ ဒီအကြောင်းအရာမျိုးဆို အစိုးရကပဲ ကိုင်တွယ်ဖြေရှင်းရမယ့်ကိစ္စဖြစ်တယ်၊ လူထုတွေနဲ့ မဆိုင်ဘူး၊ ဝင်ပါစရာလည်း မလိုဘူးလို့ မြင်တတ်ကြပါတယ်။ ဒီလိုအယူအဆမျိုးကို အချို့သောလူထုတွေဆီမှာလည်း တွေ့ရတတ်ပြီး ဒီမိုကရေစီလုပ်ဟန်ချို့တဲ့တဲ့၊ ဒီမိုကရေစီအားနည်းတဲ့ အစိုးရတွေဆီမှာ ပိုပြီး တွေ့ရတတ်ပါတယ်။

ကျမကတော့ ဒါဟာ မပြည့်စုံတဲ့အယူအဆ ဖြစ်တယ်လို့ မှတ်ချက်ပေးချင်ပါတယ်။

ကျမအမြင်ကတော့ အစိုးရက အဓိကအားဖြင့် တာဝန်ရှိတယ်ဆိုတာကို အခြေခံအားဖြင့် မငြင်းပါဘူး။ ဒါပေမဲ့ လုံခြုံတဲ့လူမှုဝန်းကျင်ကို အခိုင်အမာတည်ဆောက်နိုင်ဖို့ဆိုရင် အစိုးရ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတွေနဲ့တင် မလုံလောက်ပါဘူး။ အစိုးရ သို့မဟုတ် အာဏာပိုင်အဖွဲ့အစည်းတွေဟာ လူထုအဖွဲ့အစည်းတွေနဲ့ အပြန်အလှန် တန်ဖိုးထားမှုရှိရှိ ချိတ်ဆက်လက်တွဲပြီး စိတ်ရှည်လက်ရှည် တည်ဆောက်ယူကြရမယ့် ရှည်လျားတဲ့ဖြစ်စဉ် ဖြစ်တယ်လို့ ကျမအနေနဲ့ ယူဆပါတယ်။

အကောင်းဆုံးရလဒ်တွေဖြစ်အောင် ဘယ်လိုဆောင်ရွက်ကြမလဲ ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အမျိုးမျိုးစဉ်းစားကြပါတယ်။ မတူခြားနားတဲ့ လူမှုဝန်းကျင်တွေအလျောက်၊ မတူခြားနားတဲ့ နောက်ခံသမိုင်းဆိုင်ရာ အခြေအနေတွေအလျောက် ဆောင်ရွက်ရန်နည်းလမ်းတွေလည်း မတူကွဲပြားစွာဘဲ ဆောင်ရွက်ကြရမှာဖြစ်တယ် ဆိုတဲ့အချက်ကို အလေးအနက်ထားလာကြတယ်။ နောက်တချက်က လူမှုဝန်းကျင်လုံခြုံမှုကို တည်ဆောက်ကြတဲ့ နေရာမှာ လူထုကို ဗဟိုပြုတဲ့စဉ်းစားချက်၊ လူထုကိုဗဟိုပြုတဲ့လုပ်ဟန်ကို အဓိက ထားရမယ်ဆိုတဲ့အချက်ကိုလည်း လေးလေးနက်နက် အသိအမှတ်ပြုလာခဲ့ကြပါတယ်။

**လူမှုဝန်းကျင်လုံခြုံမှုစနစ် ချမှတ်ခြင်း**

လူမှုဝန်းကျင်ကို အလုံခြုံဆုံးဖြစ်အောင် ဆောင်ရွက်ရန်အတွက် လူမှုဝန်းကျင်လုံခြုံမှုစနစ်တခု လိုအပ်တယ်လို့ သဘောရကြပါတယ်။ ဒီစနစ်ကို ချမှတ်ရာမှာ အဓိကအားဖြင့်

(၁) ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှုတွေ ကင်းမဲ့ရာကနေ ဖြစ်ပေါ်လာတဲ့ မလုံခြုံမှုတွေကို လူထုဗဟိုပြု နည်းလမ်းဖြင့် ဖယ်ရှားသွားရန်။

(၂) လုံခြုံမှုဆိုင်ရာ စိုးရိမ်မှုများနှင့် စိုးရိမ်မှုများ၏ နောက်ခံအကြောင်းရင်းများကို ဒေသခံလူထု၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများက အတူတကွ ရှာဖွေဖေါ်ထုတ်သွားရန်နဲ့ အဲဒီစိုးရိမ်မှုတွေကို ကိုင်တွယ် ဖြေရှင်းရာမှာလည်း အပြန်အလှန်လေးစားမှုဖြင့် လက်တွဲ ဆောင်ရွက်သွားရန်။

စတဲ့ အချက်တွေကို အလေးအနက်ထားပြီး ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လုံခြုံမှုကို ထိခိုက်စေတဲ့အကြောင်းရင်းတွေကို လက်တွဲ ရှာဖွေ၊ ဖယ်ရှားရန်လုပ်ငန်းစဉ်တွေ လက်တွဲချမှတ်၊ အဖြေထွက်သည်အထိ လက်တွဲဖေါ်ဆောင် ဆိုတဲ့ကိစ္စကို သဘောတရားအရ လက်ခံဖို့ အဆင့်သည်ပင်လျှင် အတော်လေ့ကျင့်ယူရမှာ ဖြစ်ပါတယ်။

သဘောတရားအရ လက်ခံထားပြီး နောက်ပိုင်းမှာလည်း လက်တွေ့လုပ်ငန်းခွင်အတွင်းမှာ တစ်ဆို့ တုန့်ဆိုင်းသွားတာမျိုးတွေ အကြိမ်ကြိမ်တွေ့နိုင်ပါသေးတယ်။ အထူးသဖြင့် ခေတ်နောက်ကျတဲ့၊ ဒီမိုကရေစီလုပ်ဟန် အားနည်းနေသေးတဲ့၊ အပြောင်းအလဲကို စတင်ခါစအခြေအနေ လောက်သာ ရှိသေးတဲ့၊ တဖက်နဲ့ တဖက် ယုံကြည်မှုနည်းနေသေးတဲ့ ကျမတို့လိုနိုင်ငံမျိုးတွေမှာ ဒီစနစ်ကို အသက်ဝင်အောင် လုပ်ဖို့က တော်တော်လေးကို ကြိုးစားကြရမှာ ဖြစ်ပါတယ်။

လုပ်ငန်းကို အတူဆောင်ရွက်နေဆဲမှာပဲ ငုတ်လျှိုးနေတဲ့ တင်းမာမှုတွေ ပြန်ပြန်ပေါ်လာပြီး အဆိုးဘက်ဆီ ပြန်လည်မသွားစေဖို့လည်း အထူးသတိရှိရမှာဖြစ်သလို အမြော်အမြင်ကြီးကြီး သဘောထားကြီးကြီး ထားနိုင်လာအောင်လည်း စဉ်ဆက်မပြတ် လေ့ကျင့်ပညာပေးနေကြရမှာ ဖြစ်ပါတယ်။

**လူမှုဝန်းကျင်လုံခြုံရေးစနစ် လုပ်ငန်းစဉ်စက်ဝန်းအတိုင်း ကြိုးပမ်းဆောင်ရွက်ကြ**

လူမှုဝန်းကျင်လုံခြုံရေးစနစ် လုပ်ငန်းစဉ်စက်ဝန်းမှာ အဆင့် ၅ ဆင့် ရှိပါတယ်။

(၁) ပဋိပက္ခများရဲ့ ပကတိအနေအထားနဲ့ သဘောသဘာဝတွေကို လေ့လာခြင်း၊

(၂) လုံခြုံရေးဆိုင်ရာအခက်အခဲများနဲ့ လိုအပ်ချက်များကို ဖေါ်ထုတ်ပြီး ဦးစားပေးသတ်မှတ်ခြင်း၊

(၃) လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊

(၄)အကောင်အထည်ဖေါ်ခြင်းနှင့် စောင့်ကြည့်တည့်မတ်ပေးခြင်း၊

(၅) ပြန်လည်သုံးသပ်ခြင်းနှင့် အားနည်းချက်များအပေါ် သင်ခန်းစာထုတ်ယူခြင်း၊

ဖေါ်ပြထားတဲ့ အဆင့် ၅ ဆင့်ကို စက်ဝန်းတခုလို အထပ်ထပ်အခါခါ ကြိုးပမ်းဆောင်ရွက် ခြင်းအားဖြင့် ပိုမိုကောင်းမွန်၊ ပိုမိုပြည့်စုံတဲ့ လူမှုဝန်းကျင်လုံခြုံရေးစနစ်တခုကို ရရှိလာမှာ ဖြစ်ပါတယ်။

အချုပ်ပြောရမယ်ဆိုရင် ကျမတို့နိုင်ငံ သေချာပေါက် ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တယ်။

ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခြေခံအားဖြင့် လုံခြုံတဲ့၊ တည်ငြိမ်အေးချမ်းတဲ့ဝန်းကျင်တရပ်ကို ဦးစွာ တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ကြတဲ့နေရာမှာ လူမှုဝန်းကျင်လုံခြုံရေးစနစ်လုပ်ငန်းစဉ် ၅ ရပ်ဟာ အကူအညီများစွာ ရလိမ့်မယ်လို့ ကျမ ယုံကြည်မျှော်လင့်မိပါတယ်။

■ **ကြယ်စင်မြစ်**

# ငြိမ်းချမ်းရေးနဲ့ ရပ်တည်ချက်၊ အမြင်၊ နည်းနာ

■ တင်အေး ■

နိုင်ငံရေးမှာ ပြောကြ ဆိုကြ ဆွေးနွေးကြ လက်တွေ့လုပ်ကိုင်ကြတဲ့အခါ ရပ်တည်ချက်၊ အမြင်၊ နည်းနာအရဆိုပြီး ဆန်းစစ်ရတဲ့ အကြောင်း ၃ ခု ရှိပါတယ်။

ရပ်တည်ချက်ဆိုတာ အခုသုံးနှုန်းတတ်ကြတဲ့ ဘယ်အထိုင်ကနေ ပြောတာလဲဆိုတာနဲ့ ခပ်ဆင်ဆင်တူပါလိမ့်မယ်။ အလွယ်ဆုံး အဓိပ္ပာယ်ပေးရရင် ကိုယ်ကျိုးပေါ်ကနေ ရပ်တည်တာလား၊ ပြည်သူ့အကျိုးပေါ်ကနေ ရပ်တည်တာလား ဆိုတာပါပဲ။

အမြင်လို့ပြောရင် ပကတိအခြေအနေ အချက်အလက်တွေအပေါ်မှာ ပကတိအရှိတရားအတိုင်း ဘယ်လောက်တိတိကျကျ ခိုင်ခိုင်မာမာ ဆန်းစစ် ကြည့်မြင်သလဲဆိုတာပါ။ ဆန္ဒစွဲကင်းကင်းနဲ့ မြင်တဲ့အမြင်ပါ။

နည်းနာကတော့ ခွဲခြမ်းစိတ်ဖြာမှုပုံစံကို အဓိက ဆိုလိုပါတယ်။ ခွဲခြမ်းစိတ်ဖြာတဲ့နေရာမှာ ဖြစ်ရပ်တစ်ခု၊ အကြောင်းအရာတစ်ခုကို အသေတစ်ကွက်ထဲ စိတ်ပိုင်းပြီး မချဉ်းကပ်ဘဲ၊ ဖြစ်စဉ်အရကြည့်ပြီး ကြောင်းကျိုးဆက်စပ်ဖြစ်စဉ်ရှိတယ်လို့ ချဉ်းကပ်မယ်၊ အပေါ်ယံဖော်ပြချက်ကိုပဲ မဆန်းစစ်ဘဲ အတွင်းအနှစ်သာရကိုပါ ဆန်းစစ်မယ်၊ တဘက်တည်းကို တည်ပြီး မစဉ်းစားဘဲ၊ ဘက်အသီးသီးကို ဆက်စပ်စဉ်းစားမယ်။

ဖြစ်ရပ်တခုကို သဘောထားပုံ၊ ဆောင်ရွက်ပုံတွေကြည့်ပြီးတော့ သဘောထားသူ၊ ဆောင်ရွက်သူ၊ လူပုဂ္ဂိုလ် ဒါမှမဟုတ် အဖွဲ့အစည်းရဲ့ ရပ်တည်ချက်၊ အမြင်၊ နည်းနာတွေကို တခါတည်း ဆန်းစစ်ဖော်ထုတ်လို့ရပါတယ်။

**ငြိမ်းချမ်းရေးသို့ ...**

ဗမာပြည် ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး လက်ရှိအခြေအနေမှာ အမြင် အယူအဆ သဘောထား အမျိုးမျိုး ဖော်ထုတ်မှုတွေ ရှိပါတယ်။ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စု ထူထောင်ရေးကစလို့ NCA လက်မှတ်ထိုးရေး မထိုးရေးအလယ်၊ ကာချုပ်မှူး(၆)ချက်အဆုံး အင်အားစုအသီးသီး လူပုဂ္ဂိုလ်အသီးသီးက အများအပြား ပြောကြ ဆိုကြ ဖော်ထုတ်ကြတာတွေ ရှိပါတယ်။

အဲသလို ဖော်ထုတ်ပြောဆိုကြတဲ့အထဲမှာ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းရဲ့ ဖော်ထုတ်ပြောဆိုချက် ၂ ခုကို ပြန်ဆွဲထုတ်ပြချင်ပါတယ်။

ပထမတခုက ၂၀၁၃ ခုနှစ် စက်တင်ဘာလက ချက်နိုင်ငံ၊ ပရက်မြို့မှာ ကျင်းပခဲ့တဲ့ ဖိုရမ် ၂၀၀၀ ညီလာခံအပြီး သတင်းစာရှင်းလင်းပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့တဲ့စကားပါ။ အဲဒီစကားကို Eleven Media Group က ဖော်ပြ ထားတဲ့သတင်းမှာ –

'မြန်မာနိုင်ငံအနေဖြင့် လက်ရှိကြုံတွေ့နေရသော အခြေအနေသည် လွန်ခဲ့သော နှစ် ၂၀ က ချက်နိုင်ငံ ကြုံတွေ့ခဲ့ရသည်နှင့် ဆင်တူသော်လည်း အာဏာရှင်စနစ်မှ စတင်ကူးပြောင်းရာတွင် တိုင်းရင်းသားပြဿနာများ ရှိနေခြင်းကြောင့် ပိုမိုခက်ခဲကြောင်း Forum 2000 ပိတ်ပွဲအဖြစ် စက်တင်ဘာ ၁၇ ရက်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ယ **တိုင်းရင်းသားပြဿနာတွေကို လက်ရှိအခြေခံဥပဒေနဲ့ ဖြေရှင်းလို့မရပါဘူး။ လက်ရှိအခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့ ခံစားချက်နဲ့ ထပ်တူမကျပါဘူး။** ကျွန်မတို့ပြည်သူတွေကို လုံခြုံမှုခံစားရအောင် အရင်ဆုံး လုပ်ဆောင်ရပါမယ်။ တရားမျှတမှုကို တန်းတူညီတူ ခံစားရအောင် လုပ်ဆောင်ဖို့ လိုပါတယ်။ တစ်စုံတစ်ယောက်ဟာ အခြားအသိုင်းအဝိုင်း တစ်ခုကနေ ရန်မူမှာကိုကြောက်နေရရင် အတူတူ တွေ့ဆုံပြီး ဆွေးနွေးလို့မရနိုင်ပါဘူး ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။' ... တဲ့။

(သတင်းရင်းမြစ် – https://www.facebook.com/ElevenMediaGroup/posts/572631489441145)

ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ တိုင်းရင်းသားပြဿနာဆိုတာ အခုလက်ရှိ (၂၁)ရာစုပင်လုံ(ခေါ်) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ အဓိကဆွေးနွေးနေရတဲ့ တိုင်းရင်းသား အရေးပါပဲ၊ တိုင်းရင်းသားအရေးဆိုတာ ငြိမ်းချမ်းရေးကိစ္စပဲ မဟုတ်လား။

*စာမျက်နှာ (၁၀) သို့ ဆက်ရန်*

# ၄၄ နှစ်မြောက် မဆလစစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ငွန်(၆)အထိမ်းအမှတ်ပွဲတွင် ပါတီဥက္ကဋ္ဌ၏ ဆွေးနွေးတင်ပြချက်များ

ကျွန်တော်ပြောချင်တာကတော့ လက်ရှိနိုင်ငံရေးအခြေအနေ ကျွန်တော်တို့ရဲဘော်တွေ အလုပ်သမားရဲဘော်တွေ ကျွန်တော်တို့ကျောင်းသားရဲဘော်တွေ ခုန ကိုမိုးထက်နေပြောသွားတာက ကျွန်တော်တို့တိုင်းပြည် အခုအချိန် တစ်စုံတရာ ဆုပ်ရုတ်လာနေတယ်။ ကျွန်တော့်အနေနဲ့ အများကြီးကန့်ကွက်စရာမရှိပါဘူး။ သို့သော်လည်း ကျွန်တော် ပြောချင်တာက ကျွန်တော်တို့ပြည်သူတွေ လက်ရှိခံစားနေရတဲ့ လက်ရှိအခြေအနေလေးကို ပြောချင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ ကနေ့အခြေအနေ ဒီနေ့အခြေအနေ မရှိမဲ့ရှိမဲ့ ဒီမိုကရေစီအခွင့်အရေးဆိုတာကလည်း ပိုပြီးတော့ လုံးပါးပါးလာတယ်။ ပိုပိုပြီးတော့ နည်းလာတယ်။ ပိုပိုပြီးတော့ အနုတ်လက္ခဏာပြလာတဲ့ အခြေအနေဖြစ်လာတယ်။ အဲလိုအခြေအနေက ခုလို သူတို့ပြောသလိုပဲ ပြည်သူ့အစိုးရလက်ထက်မှာ ကျွန်တော်တို့ရှိတဲ့ ချို့ချို့တဲ့တဲ့ဒီမိုကရေစီအခွင့်အရေးအောက်မှာ ခြိမ်းခြောက်ခံနေရတဲ့ အနေအထားမျိုး ဖြစ်တယ်။ ကျွန်တော်အနေနဲ့ အဲလိုပြောချင်ပါတယ်။ တဆက်တည်းပဲ ကျွန်တော်တို့တိုင်းပြည်ရဲ့ သေ့ချက်ပြဿနာဖြစ်တဲ့ ငြိမ်းချမ်းရေးပြဿနာ၊ ကျွန်တော်တို့ရဲဘော်ကြီးတွေအဆက်ဆက် ထောက်ပြသွားပါတယ်။ ဒီနေ့ ဒီနေရာမှာ ကျွန်တော်အနေနဲ့ ပြတ်ပြတ်ပဲ ပြည်သူတွေဘက်က ပြောချင်တာက NCA process တစ်တိုင်းပြည်လုံး အပစ်အခတ် ရပ်စဲရေး၊ အခြေအနေ နောက်တစ်ခုက ကနေ့ ၂၁ ပင်လုံ၊ ငြိမ်းချမ်းရေးရဖို့ဝေးသေးတယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ NCA ပဲဖြစ်ဖြစ်၊ ၂၁ ပင်လုံပဲဖြစ်ဖြစ် သေသေချာချာပြန်ပြီးတော့ သုံးသပ်ဖို့လိုတယ်လို့ ဒီနေရာကနေ သက်ဆိုင်ရာကို ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီအခြေအနေမရှိဘူးဆိုရင် အဲဒီလို ကျွန်တော်တို့တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ လက်နက်ကိုင် အင်အားစုအားလုံး ပါလာဖို့ မလွယ်ကူဘူး။ တစ်ပြိုင်နက်ထဲမှာပဲ ကျွန်တော်တို့ ပြည်သူလူထုရဲ့ အသံတွေကလည်း ဒီ process ထဲမှာ ပါမှာမဟုတ်ဘူး။ အဲဒီအတွက်ကိုပဲ ငြိမ်းချမ်းရေးနဲ့ ကျွန်တော်တို့တိုင်းပြည်က အလှမ်းဝေးနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို၊ ဒီ ၂၁ ပင်လုံကို ဦးဆောင်စီစဉ်တဲ့သူတွေက အဲဒီအခြေအနေကို ပြန်သုံးသပ်မိလား၊ မသုံးသပ်မိလား။ သို့တည်းမဟုတ် ဒီ process ကိုပဲ မရှည်ရှည်အောင် တမင်တကာများ အဲဒီအတိုင်းလုပ်နေသလားဆိုတာ ကျွန်တော့်အနေနဲ့ သံသယတော့ရှိတယ်။ ဒီ process က တဖက်ကပြောမယ်ဆိုလို့ရှိရင် တာဝန်ခံလုပ်နေတဲ့သူတွေ၊ ဦးဆောင်နေတဲ့သူတွေ၊ ဒီ process မှာ ပါဝင်နေတဲ့သူတွေအတွက် industry တစ်ခုလိုပဲ။ ဒီ process ရှည်လေ အဲဒီပုဂ္ဂိုလ်တွေ အကျိုးအမြတ်ပိုရလေ၊ ပြည်သူလူထု ဒုက္ခပိုရောက်လေ ဖြစ်နေတယ်။ ဆိုတဲ့အခါကျတော့ ဒီနေ့ကာလမှာ ကျွန်တော်တို့ နေရာအသီးသီးက ပြောနေကြရလိမ့်မယ်။ ကျွန်တော်တို့ ဒီနေရာမှာဆိုလို့ရှိရင်လည်း ဒီ ၇၄၊ ၇၅၊ ၇၆ နိုင်ငံရေးအင်အားစုတွေက လုပ်တဲ့ပွဲမှာလည်းပဲ ဒီငြိမ်းချမ်းရေးကိစ္စကို သေသေချာချာ တိတိကျကျ ကျွန်တော်တို့ ပြောသင့်တယ်။ အဲဒီလိုပဲ ကျွန်တော်တို့ တခြားနေရာမှာလည်း ဘယ်နေရာ ဘယ်ဒေသတွေမှာပဲလုပ်လုပ် နေရာအနှံ့က ကျွန်တော်တို့တိုင်းပြည် ငြိမ်းချမ်းရေးကိစ္စကို ပြောမယ်ဆိုရင် ကျွန်တော်တို့ အစိုးရက သို့တည်းမဟုတ် တပ်မတော်က ပြည်သူလူထုရဲ့ ပြောတဲ့ဆိုတဲ့အသံတွေကို တစုံတရာ အာရုံစိုက်လာမလားလို့ ကျွန်တော်တော့ အဲဒီလိုမျှော်လင့်မိတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ကျွန်တော်ပြောချင် တာကတော့ ဒီ အလုပ်သမားတွေရဲ့နှစ်ပတ်လည်ပွဲနဲ့ အလုပ်သမားတိုက်ပွဲတွေရဲ့ နှစ်ပတ်လည်ပွဲမှာ ငြိမ်းချမ်းရေးဆိုတာ ကျွန်တော်တို့ အလုပ်သမားတွေရဲ့ အခွင့်အရေးနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။ လယ်သမားတွေဘဝ သာယာဝပြောရေး ဖူလုံရေးတွေနဲ့လည်း



တိုက်ရိုက်သက်ဆိုင်ပါတယ်။ ဒီ့အတွက် ဒီနေ့မှာလည်းပဲ ကျွန်တော်တို့တိုင်းပြည် ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ အသေအချာ ပြောသင့်တယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေ မကြားကြားအောင် ကျွန်တော်တို့ ပြောသင့်တယ်လို့ ကျွန်တော် ထင်တယ်။ အခုသွားနေတဲ့ အပစ်အခတ်ရပ်စဲရေး process၊ အခုသွားနေတဲ့ ၂၁ ပင်လုံ process နဲ့တော့ ကျွန်တော်တို့ တိုင်းပြည် ငြိမ်းချမ်းရေးက ဝေးမြဲဝေးနေ ဦးမှာဖြစ်တယ်။ ဒါကို ပြန်ပြင်ဖို့လိုတယ်၊ ပြန်သုံးသပ်ဖို့လိုတယ် ဆိုတာကို သက်ဆိုင်ရာ အာဏာပိုင်တွေ သိစေချင်တယ်၊ သက်ဆိုင်ရာအာဏာပိုင်တွေ ကြားစေချင်တယ်။ ကျွန်တော့်အနေနဲ့တော့ ဒီကိစ္စကို

သူတို့ အလေးအနက် နည်းနည်းထားစေချင်တယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲဘော် ခုနက ထောက်ပြသွားတာရှိတယ်။ ၇၄၊ ၇၅၊ ၇၆ က ကျောင်းသားတွေနဲ့ အလုပ်သမားတွေနဲ့ ဆက်စပ်တယ်။ ကျောင်းသားတွေနဲ့ အလုပ်သမားတွေနဲ့ ပေါင်းပြီးတော့ တိုက်ပွဲဝင်ခဲ့တာ။ ဒီကိစ္စဟာ ကျွန်တော်တို့ အတုယူရမယ့်ကိစ္စဖြစ်တယ်။ ကျွန်တော်တို့ မျိုးဆက်သစ် လူငယ်အင်အားစုတွေအနေနဲ့ အတုယူရမယ်။ ဒီစိတ်ဓာတ်ကို ဆက် ဆုပ်ကိုင်ရမှာဖြစ်တယ်။ ကျွန်တော်တို့ မနေ့တနေ့က ကရင်နီဒေသမှာရှိတဲ့ အရပ်ဘက်လူ့အဖွဲ့



အစည်းတွေ၊ ကရင်နီဒေသမှာရှိတဲ့ နိုင်ငံရေးပါတီတွေ၊ ကရင်နီဒေသမှာရှိတဲ့ လူငယ်ကျောင်းသားတွေက ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ လူထုနှီးနှောဖလှယ်ပွဲတစ်ခု လုပ်တယ်။ အဲဒီ လူထုနှီးနှောဖလှယ်ပွဲလုပ်တဲ့အခါကျတော့ အဲဒီလူထုနှီးနှောဖလှယ်ပွဲကို ကျွန်တော်တို့ မြေပြန့်မှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ၊ လူငယ်ကျောင်းသားတွေ စသဖြင့်ပေါ့နော် သွားပြီးတော့ ဝန်းရံကြတယ်။ သွားပြီး ဆက်စပ်ကြတယ်။ ကျွန်တော်မြင်တာကတော့ ကနေ့ ကျွန်တော်တို့တိုင်းပြည် ငြိမ်းချမ်းရေးအတွက်ဆိုရင် အလုပ်သမားတွေရော၊ ကျောင်းသားတွေရော၊ လူမျိုးစုတွေရော၊ ဗမာတွေရော အကုန်ဆက်စပ်ပြီးတော့ အကုန်စုစည်းပြီးတော့ ဒီကိစ္စကို တကယ့် တတိုင်းပြည်လုံးက အုံးအုံးကျွက်ကျွက် ပြောဖို့ဆိုဖို့ ယနေ့ကာလမှာ လိုနေပြီလို့ထင်တယ်။ ကရင်နီဒေသမှာ လုပ်သွားတဲ့ ငြိမ်းချမ်းရေးနှီးနှောဖလှယ်ပွဲက အဲဒီကိစ္စတစ်ခုတော့ အနည်းဆုံး ထိမိကိုင်မိရှိလိုက်နိုင်ပြီလို့ ကျွန်တော် ယူဆတယ်။ ကရင်နီဒေသမှာရှိတဲ့ တိုင်းရင်းသားတွေ၊ နိုင်ငံရေးပါတီတွေရော၊ နိုင်ငံရေးပါတီမဟုတ်တဲ့ နိုင်ငံရေးအင်အားစုတွေရော၊ အပစ်အခတ်ရပ်ထားတဲ့ လက်နက်ကိုင်အင်အားစုတွေရော အားလုံးပူးပေါင်းပြီးတော့ ယနေ့ကာလ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးအတွက် ဆိုရင်တော့ ဒီကိစ္စ ဒီကိစ္စတွေ လိုတယ်။ ဥပမာ ခုနက ကျွန်တော်တို့ ရဲဘော်ကြီးတွေ ပြောသွားတဲ့ ကနေ့တပ်မတော်၊ ကနေ့အာဏာပိုင်တွေက တတိုင်းပြည်လုံး အပစ်အခတ်ရပ်ရေးကို လုပ်ဖို့လိုလိမ့်မယ်ဆိုတဲ့ကိစ္စ။ ငြိမ်းချမ်းရေးလုပ်မယ် ဆိုလို့ရှိရင် ငြိမ်းချမ်းရေးအတွက် အကန့်အသတ် အဟန့်အတားတွေဖြစ်စေတဲ့ ဥပဒေတွေ၊ အမိန့်တွေ၊ ကြော်ငြာတွေ နောက်ပြီးတော့ အဲဒီ အမိန့်တွေ ကြော်ငြာတွေ မဟုတ်ပေမယ့်လည်း နည်းမျိုးစုံနဲ့ ညစ်နေတဲ့ကိစ္စတွေ၊ ဒီလိုကိစ္စမျိုးတွေကိုတော့ ရပ်တန့်ပေးဖို့ လိုလိမ့်မယ်ဆိုတာကို ဝိုင်းပြီးတောင်းဆိုသွားတာ တွေ့ရတယ်။ ကျွန်တော်ပြန်ပြီး ချုပ်ပြီး တင်ပြချင်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ ကနေ့ ဒီမိုကရေစီနဲ့ အဝေးကြီးရှိသေးတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ ကနေ့ ငြိမ်းချမ်းရေးနဲ့ အဝေးကြီး ရှိသေးတယ်။ ဒီမိုကရေစီအခြေအနေနဲ့ ဝေးနေသရွေ့ ငြိမ်းချမ်းရေးနဲ့ဝေးနေသရွေ့ ကျွန်တော်တို့အလုပ်သမားတွေရဲ့ အခြေအနေတွေ၊ ကျွန်တော်တို့ လယ်သမားတွေရဲ့ အခြေအနေတွေ၊ ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ အခြေအနေတွေ အထူးသဖြင့် ကျွန်တော်တို့ ပြည်သူတွေရဲ့ အခြေအနေတွေက တိုးတက်လာစရာ ဖွံ့ဖြိုးလာစရာအကြောင်း မရှိပါဘူး။ အဲဒီအတွက် ဒီမိုကရေစီရဖို့၊ ဒီမိုကရေစီအခြေအနေ ပိုမိုပြီးနက်ရှိုင်းလာဖို့ ငြိမ်းချမ်းရေးနဲ့ အတူတူနီးလာဖို့ ကျွန်တော်တို့ ခင်ဗျားတို့ အားလုံး အလုပ်သမားရယ်၊ ကျောင်းသားရယ်၊ လယ်သမားရယ်မှမဟုတ်ဘူး တတိုင်းပြည်လုံးမှာရှိတဲ့ အင်အားစုအသီးသီး သေသေချာချာ ဆက်စပ်ပြီးတော့ နေရာအနှံ့မှာ ဆက်ပြီးတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဒီမိုကရေစီနဲ့ပတ်သက်လို့ တောင်းဆိုတာတွေ၊ ဆန္ဒဖော်ထုတ်တာတွေ ဒီလိုကိစ္စမျိုးတွေကို ပြည်သူလူထုက အင်နဲ့အားနဲ့ နေရာအနှံ့မှာ စပြောဖို့လိုတယ်။ စလုပ်ရမယ့်အချိန်လည်း ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ အဲလိုယူဆပါတယ်။ ချုပ်ပြီးပြောမယ်ဆိုရင်တော့ ၇၄၊ ၇၅၊ ၇၆ က အလုပ်သမားရဲဘော်ကြီးတွေရဲ့ စိတ်ဓာတ်၊ ကျောင်းသားရဲဘော်ကြီးတွေရဲ့ စိတ်ဓာတ်ကို ကျွန်တော်တို့ သေသေချာချာ ဆုပ်ကိုင်ပြီးတော့ ကျွန်တော်တို့ မျိုးဆက်သစ် နိုင်ငံရေးအင်အားစုတွေအနေနဲ့ နိုင်ငံရေးပါတီရယ်၊ သမဂ္ဂရယ်၊ အလုပ်သမားရယ်၊ လယ်သမားရယ် မခွဲခြားဘဲနဲ့ တိုင်းပြည်ထဲမှာရှိတဲ့ အင်အားစုအသီးသီးက သေသေချာချာ ဆက်စပ်ပြီးတော့ ကနေ့ ကျွန်တော်တို့ကြုံတွေ့နေရတဲ့ နိုင်ငံရေး အကြပ်အတည်းကို ကျော်လွှားဖို့ ကြိုးစားကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

## *စာမျက်နှာ(၇)မှအဆက်*

နောက်တခုက (၁၄–၉–၂၀၁၃) နေ့က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးမှာ ပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားပါတီများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီတို့ ဆွေးနွေးအပြီးမှာ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်ဆိုတဲ့ ကြေညာချက် ထွက်လာပါတယ်။ ကြေညာချက်မှာ '၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး (သို့မဟုတ်) အသစ်ပြန်လည်ရေးဆွဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့မှာ တစ်ဆက်တည်းဖြစ်၍ ခွဲခြားမရကြောင်း တညီတညွတ်တည်း ဆုံးဖြတ်သည်။' လို့ ဖော်ပြထားပါတယ်။




၂၀၁၃ ခုနှစ်၊ လွန်ခဲ့တဲ့ ၅ နှစ်၊ အဲဒီအချိန်ကာလက ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ရဲ့ ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်တဲ့ သဘောထားက ၂၀၁၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင် ဒါမှမဟုတ် အသစ် မရေးဆွဲဘဲနဲ့ ငြိမ်းချမ်းရေးမရနိုင်ဘူးဆိုတဲ့ သဘောထားပါပဲ။

တကယ်တော့ ဒီအမြင် ဒီသဘောထားဟာ တိုင်းရင်းသားပြည်သူ၊ ဒီမိုကရေစီအင်အားစုတွေအားလုံး မြင်တဲ့ အမြင်၊ ထားတဲ့သဘောထားပါပဲ။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင် ဒါမှမဟုတ် အသစ်မရေးဆွဲဘဲနဲ့ ငြိမ်းချမ်းရေး မရနိုင်ကြောင်း အားလုံးက အထပ်ထပ်အခါခါလည်း ပြောနေကြပါတယ်။

## ရပ်တည်ချက်၊ အမြင်၊ နည်းနာ

ဗမာပြည် ငြိမ်းချမ်းရေးဆိုတာ လက်နက်ကိုင်ထားတဲ့ သူတွေ သေနတ်မပစ်ကြရုံနဲ့ ငြိမ်းချမ်းရေး ရသွားပြီလို့ ပြောလို့ရတာ မဟုတ်ပါဘူး။ ဗမာပြည်ငြိမ်းချမ်းရေးဆိုတာ တိုင်းရင်းသား ပြည်သူတွေအားလုံး လုံခြုံတဲ့ဘဝ၊ တရားမျှတတဲ့ တန်းတူအခွင့်အရေးတွေ ရလာမှသာ ငြိမ်းချမ်းရေးရပြီလို့ ပြောရမှာပါ။ အဲသလို စစ်မှန်တဲ့ငြိမ်းချမ်းရေးရဖို့ဆိုရင် တွေ့ဆုံဆွေးနွေး အပစ်ရပ်ကြရေး ဆိုတာတင်မကဘဲ၊ ပြည်သူတွေ တိုင်းရင်းသားတွေအားလုံးဟာ တရားမျှတတဲ့ အခြေခံ ဒီမိုကရေစီအခွင့်အရေးတွေ ခံစားရရှိဖို့ အဟန့်အတားဖြစ်နေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်မှု၊ အသစ်ရေးဆွဲမှု ဖြစ်မယ်လို့ ချိတ်ဆက်ထားတာဟာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုးစီးပွားပေါ်မှာ ရပ်တည်တဲ့ ရပ်တည်မှုပါပဲ။

ငြိမ်းချမ်းရေးပြဿနာဟာ ငြိမ်းချမ်းရေးသက်သက် သီးခြားပြဿနာ မဟုတ်ပါဘူး။ တိုင်းရင်းသား ပြည်သူတွေရဲ့ ပကတိဘဝထဲက ပြဿနာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ ဖွဲ့စည်းပုံအခြေခံနဲ့ အုပ်ချုပ်ကြတာချည်းပါ။ တိုင်းသူပြည်သားတွေရဲ့ ပကတိဘဝကို လွှမ်းမိုးထားတာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လို့ ငြိမ်းချမ်းရေးပြဿနာကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ချိတ်ဆက်ပြီး ကြည့်မြင်တာဟာ ပကတိ လက်တွေ့ကို ဆန္ဒစွဲကင်းကင်းနဲ့ ပကတိအရှိတရားအတိုင်း မြင်တဲ့အမြင်ဖြစ်ပါတယ်။

တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ မြေယာပြဿနာတွေ၊ လယ်သမားအရေးတွေ၊ အလုပ်သမားအရေးတွေ၊ ကျောင်းသားအရေးတွေ၊ ပညာရေးတွေ၊ စီးပွားရေးတွေ၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးတွေ စတဲ့ စတဲ့ အရေးအရာတွေအားလုံး အရှိန်အဟုန်နဲ့ မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဖို့ဆိုတာ ခေါင်းချုပ်ဖြစ်တဲ့ ၂၀၁၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင် ဒါမှမဟုတ် အသစ်ရေးဆွဲမှသာ ကျန်တဲ့ပြဿနာတွေကို ဖြေရှင်းနိုင်မှာဖြစ်တယ်ဆိုတာ အထင်အရှားကိစ္စပါ။ ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် ဒါမှမဟုတ် အသစ်ရေးဆွဲရေးကို ငြိမ်းချမ်းရေးကိစ္စ ဖြေရှင်းရေးနဲ့ ချိတ်ဆက် ထားတာဟာ တိုင်းပြည်ရဲ့ ဘက်ပေါင်းစုံပြဿနာတွေကို ခွဲခြမ်းဆက်စပ်ထားတဲ့ နည်းနာပါဘဲ။

ဒါကြောင့် ငြိမ်းချမ်းရေးပြဿနာကို ကိုင်တွယ်ဖြေရှင်းတဲ့အခါ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် ဒါမှမဟုတ် အသစ်ရေးဆွဲရမယ်ဆိုတဲ့ သဘောထားအယူအဆကို ဆုတ်ကိုင်ထားတာဟာ တိုင်းရင်းသား ပြည်သူတွေရဲ့ အကျိုးစီးပွားပေါ်ကနေ ရပ်တည်တဲ့ မှန်ကန်တဲ့ရပ်တည်မှု၊ တိုင်းပြည်ရဲ့ ပကတိဘဝကို အရှိအတိုင်း ကြည့်မြင်တဲ့ မှန်ကန်တဲ့အမြင်၊ တိုင်းပြည်ရဲ့ ပြဿနာအားလုံးကို ခွဲခြမ်းဆက်စပ်ထားတဲ့ မှန်ကန်တဲ့နည်းနာဖြစ်ကြောင်း ဆွေးနွေးပါရစေ။ ။

■ **တင်အေး**

# အမျိုးသမီးများအတွက် လွတ်လပ်မှု၊ လူမှုတရားမျှတမှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုဆိုတာ

■ မေစဝ်မုန်း ■

လွတ်လပ်မှု လူမှုတရားမျှတမှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုဆိုတဲ့ စကားလုံးတွေဟာ နိုင်ငံရေးနယ်ပယ်အတော်များများ အသုံးပြုကြတာကို တွေ့ရပါတယ်။ အဲဒီစကားလုံးတွေနဲ့ ပတ်သတ်ပြီး အမျိုးသမီးရေးကိစ္စကို အစပြုဆွေးနွေးတဲ့အခါ နိုင်ငံရေးနယ်ပယ်က ခေါင်းဆောင်တွေက မသိမသာ တိတ်ဆိတ်သွားကြတယ်။ တချို့ကတော့ မပြောသာလို့ စိတ်ဝင်စားဖွယ်အနည်းဆုံးအကြောင်းအရာလို ပြုမူပြတတ်ကြပါတယ်။ တချို့ကတော့ တက်ကြွသယောင်ပြုပြီး အမျိုးသမီးတွေရဲ့ လွတ်လပ်မှု လူမှုတရားမျှတမှု တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေ ရှုထောင့်တွေ တင်ပြတဲ့အခါ လွဲချော်နေသယောင်စဉ်းစားကြ၊ ပြောဆိုကြ၊ ပညာသားပါပါး သင်ပေးကြတာတွေကို မကြာခဏ မြင်တွေ့ခဲ့ရတယ်။

ဒီကိစ္စနဲ့ပတ်သတ်ပြီး တရားဝင်တင်ပြမှုလုပ်ဖို့ လိုအပ်တယ်လို့ ယူဆကြတဲ့ အမျိုးသမီးအသင်းအဖွဲ့တွေဟာ ကြိုးစားအားထုတ်ကြတယ်။ အမျိုးသမီးတွေရဲ့ လွတ်လပ်မှု ပျောက်ဆုံးနေတာဟာ ရှေးရိုးစွဲဆန်တဲ့ အသိတွေကို ဆက်လက်ဆွဲကိုင်နေတယ်လို့ ထောက်ပြကြတယ်။ ဒါက အားလုံးနားလည်ပြီးသားဖြစ်တဲ့ ဥပမာတစ်ခုနဲ့ တင်ပြချင်ပါတယ်။ အိမ်ထောင်ပြုပြီး ကိုယ့်လင်ကိုယ့်သားတွေနဲ့ အိမ်ထောင်တစ်ခုလုံးကို ပြုစုပျိုးထောင်တဲ့ တာဝန်ကို အမျိုးသမီးတွေပခုံးပေါ်တင်ပေးလိုက်တဲ့ကိစ္စပါပဲ။ ဒါကို တချို့အမျိုးသား (ရိုးရိုးသားသား)တွေက မေးတယ် ဘာမှားလို့လဲတဲ့။ သူတို့ အပြင်မှာ အလုပ်လုပ်ပြီး ငွေရှာပေးနေတာပဲတဲ့ ဒါ အလုပ်တာဝန်ယူပုံခြင်း မတူတာလေလို့ ပြန်လည်ချေပ ပြောဆိုကြပါတယ်။ တချို့က အလားတူ(အနိုင်ယူလိုမှုနဲ့) မိန်းမက မိန်းမအလုပ်လုပ်၊ ယောကျာ်းက ယောကျာ်းအလုပ် လုပ်မှာပေါ့တဲ့ ဒါ ယဉ်ကျေးမှုပဲလို့ ပြန်လည်ချေပကြတယ်။ အိမ်ထောင်ရေးမှာ အဲလိုမရှိရင် လူသားဖြစ်တည်မှုတွေ ကမောက်ကမ ဖြစ်ကုန်မှာပေါ့လို့တောင် တချို့သူတွေ ထောက်ပြကြတယ်။

ဒီကိစ္စကို အမျိုးသမီးတွေဘက်က ပြန်လည် ထောက်ပြချက်က အိမ်ထောင်ရေးကိစ္စဆိုတာ အမျိုးသမီးတွေရော အမျိုးသားတွေရော နှစ်ဦးလုံး တာဝန်ခွဲယူရလိမ့်မယ်။ မိန်းမတွေရဲ့ဘဝဟာ ချက်ပြုတ်ခြင်း ထိန်းသိမ်းခြင်း မွေးဖွားခြင်းဆိုတဲ့ အခြေခံလောက်နဲ့ ဘဝကို အဆုံးသတ်သွားလို့မရဘူး။ လူသားတစ်ဦးရဲ့ တာဝန်ဖြစ်တဲ့ နိုင်ငံရေးနယ်ပယ်မှာ ပါဝင်ပတ်သက်ဖို့၊ နေ့စဉ်လူတိုင်း လုပ်နေကျ အလုပ်တွေထဲမှာ မိခင်တွေသာ သို့မဟုတ် အမျိုးသမီးတွေသာ တာဝန်ယူရမှာ မဟုတ်ဘူး။ အိမ်ထောင်ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ မိန်းကလေးတွေဟာ အိမ်မှုကိစ္စနဲ့သာ အချိန်ပေးပြီး ဘဝကုန်ဆုံးမှုဟာ ၉၀ ရာခိုင်နှုန်းလောက်ဖြစ်နေခြင်းဟာ စဉ်းစားရမယ့် အချက်ပါ။ ဒါဟာ ယဉ်ကျေးမှု ဓလေ့ထုံးစံပဲလေလို့ အလွယ်တကူ သတ်မှတ်ပြောနေကြတာတွေကို မသိစိတ်က အလိုအလျောက် လက်ခံကျင့်သုံးလာနေတာကြောင့်သာ ဖြစ်တယ်။ လူသားဖြစ်တဲ့ အမျိုးသမီးတွေရဲ့ နိုးကြားမှုတွေနဲ့ ထောက်ပြမှုက တာဝန်ခွဲယူမှုဟာ လွတ်လပ်မှု၊ လူမှုတရားမျှတမှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုကို ပေးစွမ်းနိုင်တာဖြစ်တယ်လို့ ထောက်ပြနေတာဖြစ်တယ်။

အမျိုးသမီးတွေရဲ့ လွတ်လပ်မှုဆိုတဲ့အဓိပ္ပာယ်ဟာ အမျိုးသားတွေပြောပြီး ရွေးချယ်သလို ကိုယ်နှစ်သက်ရာ နယ်ပယ်ကို ရွေးချယ်ပြီး လူသားပီသစွာ တာဝန်ကျေချင်တဲ့ အဓိပ္ပာယ်ပါဘဲ။ အဲ့လို ရွေးချယ် လေ့ကျင့် လေ့လာနိုင်ဖို့ဆိုတာ အမျိုးသမီးတွေအတွက် အချိန်လိုအပ်တယ်။ အဲဒီအချိန်တွေ ရဖို့ဆို ၁၂ နာရီလောက် အိမ်အလုပ်တွေထဲကနေ ဖဲ့ယူရမှာဖြစ်တယ်။ အဲ့လို ဖဲ့ယူနိုင်ဖို့ဆိုတာ အမျိုးသားတွေ တာဝန်သိဖို့ လိုတယ်။ တာဝန်ယူတတ်ဖို့ လိုတယ်။ ဒီနေရာမှာ တာဝန်သိဖို့ တာဝန်ယူတတ်ဖို့ဆိုတာ အိမ်မှုကိစ္စပါဘဲ။ ဥပမာ– အိမ်တစ်အိမ်မှာ လူတိုင်းဟာ ကိုယ့်အဝတ် ကိုယ်လျော်ရင် ကိုယ့်ပန်းကန်ကိုယ်ဆေးရင် ကိုယ့်အိမ်ကိုယ် အလှည့်ကျ သန့်ရှင်းရေးလုပ်ရင် ကိုယ်စားသောက်မယ့် အစားအသောက်ကို ဝိုင်းဝန်းချက်ပြုတ်ရင် အမျိုးသမီးတွေအတွက် အချိန်တွေ အများကြီး ပိုလာမှာဖြစ်တယ်။ ဒါကိုတော့ မြန်မာ့လူ့အသိုင်းအဝိုင်းမှာ တချို့ နားလည်မှုရှိတဲ့ မိသားစုတွေ တာဝန်သိတတ်တဲ့ မိသားစုတွေမှာ ရှားရှားပါးပါး တွေ့ရတက်ပါတယ်။ အထူးသဖြင့် အမေနှင့် သမီးများတဲ့ အိမ်တွေမှာ ဖခင်ဖြစ်သူဟာလည်း ချစ်ချစ်ခင်ခင် ဝင်ရောက်လုပ်ကိုင်ရင်း မိသားစု သာယာအောင် ဖန်တီးတတ်တာကို တွေ့ရတယ်။ မိန်းကလေးများတဲ့ မိသားစုတွေမှာ တာဝန်တွေခွဲယူတက်ကြတဲ့အတွက် အချိန်ရတတ်ကြတယ်၊ အဲဒီ မိသားစုတွေမှာ ဝင်ငွေရှာဖွေရေးကိုလည်း အတူတကွ ပူးတွဲလုပ်ဆောင်လေ့ ရှိတာကို တွေ့ရတယ်။

အများအားဖြင့် ယောကျာ်းလေးများတဲ့အိမ်မှာ မိခင်သို့မဟုတ် သမီးမိန်းကလေးတွေဟာ နားချိန် နည်းပါးလောက်

အောင် အကို၊ မောင်၊ ဖခင်တွေ သို့မဟုတ် သားသမီး လင်ယောကျာ်းတွေရဲ့ တကိုယ်ရေတာဝန်တွေကို ယူနေရတဲ့အခါ အဲ့မိသားစုမှာ အမျိုးသမီးတွေအတွက် အချိန်ရှားပါးလွန်းပါတယ်။ ဒီတော့ သူတို့ရဲ့လွတ်လပ်ခွင့်ဆိုတာ ပျောက်ဆုံးသွားပါတယ်။ လူမှုတရားမျှတမှု ရှုထောင့်ကနေ ကြည့်ရင် ဘယ်လိုစဉ်းစားမလဲ။ တန်းတူရေးဆိုတာကို ဘယ်လိုကြည့်မလဲ။ အဲလိုတရားမျှတမှုမရှိရင် သွေးစည်းညီညွတ်မှုဆိုတာကို ဘယ်လိုရနိုင်မလဲ။ အိမ်ထဲက အခြေခံ အနေအထားတွေကို မေ့ထားပြီး ပြင်ပလုပ်ငန်းတွေသာလျှင် အရေးအကြီးဆုံးလို့ တွေးပြီး တက်တက်ကြွကြွ ထဲထဲဝင်ဝင်လုပ်နေတဲ့ အမျိုးသားတွေဟာ တခါတလေ လေဖမ်းဒါန်းစီးတွေသာ လုပ်တက်ကြပြီး အရာအားလုံးကို အမျိုးသမီးတွေသာ တာဝန်ယူလာရတော့တယ်လို့ တချို့အမျိုးသမီးတွေက ထောက်ပြကြတယ်။ ကိုယ့်အိမ်ထဲမှာတောင် မျှတမှု၊ လွတ်လပ်မှု၊ ညီညွတ်မှုတွေကို မဖော်ဆောင်နိုင်ရင် နိုင်ငံရေးနယ်ပယ်မှာ ဘယ်လိုနည်းနဲ့မှ မျှတမှုကို ဖော်ဆောင်နိုင်မှာ မဟုတ်ဘူး။ မမျှတရင် တန်းတူရေးဆိုတာ မရှိနိုင်။ တန်းတူရေးမရှိရင် သွေးစည်းညီညွတ်ရေးဆိုတာ ဘယ်လိုမှ မလုပ်နိုင်ဘူးလို့ ထောက်ပြရင်း ဒီနေ့ အမျိုးသမီးတွေ နိုင်ငံရေးပါဝင်မှု အရေးတကြီးလုပ်ဆောင်ကြဖို့ ဆော်ဩတိုက်တွန်းလာကြတာကို တွေ့ရပါတယ်။

အမျိုးသမီးတွေဟာ နိုင်ငံရေးနယ်ပယ်မှာ ထဲထဲဝင်ဝင် ပါဝင်လာဖို့ဆိုတာ နိုင်ငံရေးပါတီတွေ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ နိုင်ငံရေးနယ်ပယ်မှာလည်း နိုင်ငံရေးပါတီတွေဟာ သိပ်အရေးပါပါတယ်။ အထူးသဖြင့် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုကို ဖော်ဆောင်မယ်လို့ ယုံကြည်နေတဲ့ ပါတီတွေဟာ ပိုပြီးတာဝန်ကြီးပါတယ်။ အဲဒီပါတီတွေဟာ အမျိုးသမီးတွေ လူငယ်တွေ အသိပညာရှင် အတတ်ပညာရှင်တွေ လယ်သမား အလုပ်သမား စသည်ဖြင့် နယ်ပယ်အသီးသီးကလူတွေကို မျှမျှတတ ပါဝင်လာအောင် စည်းရုံးဖို့လိုပါတယ်။ အမျိုးသမီးတွေ လူငယ်တွေ နည်းနေရင် စည်းရုံးရေးဆင်းတိုင်း အမျိုးသမီးနဲ့ လူငယ်တွေကို ဦးစားပေး စည်းရုံးရပါမယ်။ ပါတီရဲ့ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်ရေးဆွဲရေးမှာ အသေအချာစဉ်းစားပြီး ထည့်သွင်းရေးဆွဲဖို့ လိုပါတယ်။ အမှန်တကယ် သဘောတူနားလည်ပြီး လက်ခံရေးဆွဲမှုသာလျှင် ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။

သို့သော်လည်း အမျိုးသမီးတွေဟာ မိသားစုကိစ္စတွေနဲ့ မအားလပ်ကြလို့ တာဝန်ပေးထားပေမယ့် အစည်းအဝေးလောက်တောင် မတက်နိုင်ဘူးလို့ ဆင်ခြေပေးနေရင် ဒါဟာ အမျိုးသမီးရေးကိစ္စကို နားလည်လက်ခံတာ မဟုတ်ပါဘူး။ အမျိုးသမီးတွေကို စည်းရုံးတဲ့နေရာမှာ အချိန်လိုပါတယ်။ သူတို့ကို တာဝန်ပေးလိုက်တာနဲ့ အလုံးစုံ ကိုယ်လိုချင်တာ မရပါဘူး။ ဒါကတော့ အမျိုးသားတွေဆိုရင်လည်း ဒီအတိုင်းပဲဖြစ်မှာပါ။ တာဝန်ပေးတိုင်း အလုံးစုံဖြစ်မလာပါဘူး။ အမျိုးသားတချို့ဟာ တာဝန်ရှိပေမယ့် အကြိမ်ကြိမ်ပျက်ကွက်သော်လည်း ပျက်ကွက်နေတာကို မမြင်ဘဲ အမျိုးသမီးဖြစ်ရင် တစ်ကြိမ်တန် တစ်ကြိမ်မြင်တတ်တာကိုလည်း နိုင်ငံရေးခေါင်းဆောင်များက ဆင်ခြင်ရမှာ ဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ အချိန်နည်းပါးတာကြောင့် နိုင်ငံရေးကိစ္စတွေမှာ ထဲထဲဝင်ဝင် ဝင်ရောက်လုပ်ကိုင်တဲ့ အလေ့အကျင့် နည်းပါးတာတွေ့ရပါတယ်။ ဒါတွေကို ဆွဲထုတ်နိုင်မှသာလျှင် လွတ်လပ်မှု၊ လူမှုတရားမျှတမှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှု ဆိုတာတွေကို နယ်ပယ်တစ်ခုမှာ သက်သေပြနိုင်မှာ ဖြစ်ပါတယ်။ အမျိုးသမီးတွေ နိုင်ငံရေးပါဝင်မှုမှာ မဲထည့်ရုံသက်သက်မဟုတ်ဘဲ ကိုယ်စားပြုပါဝင်ဖို့ကိုပါ လေ့ကျင့်ပျိုးထောင်ပေးဖို့ လိုအပ်ပါတယ်။ အမျိုးသမီးအင်အားစုဟာ တိုင်းပြည်နိုင်ငံတိုင်းအတွက် အသုံးဝင်မှုရှိပါတယ်။ အမျိုးသမီးတွေကို အိမ်ထဲမှာထည့်ထားခြင်းဟာ တိုင်းပြည်ရဲ့အရင်းအမြစ်တွေကို လိုအပ်သလောက်အသုံးမပြုတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေကို ပညာသင်ကြားခိုင်းပြီး လင်ယူသားမွေး အလုပ်ကိုသာ လုပ်စေတယ်ဆိုရင် တိုင်းပြည်အရင်းအမြစ်တွေကို သားဖောက်အဆင့်သာ အသုံးပြုသလို ဖြစ်နေမှာပါ။ ဒါကြောင့် နိုင်ငံရေးပါတီတွေဟာ အမျိုးသမီးအားလုံး အတွက် အရေးပါတဲ့ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီတွေအနေနဲ့လည်း အမျိုးသမီးအင်အားတွေကို ယုံယုံကြည်ကြည်နဲ့ အသုံးပြုမယ်ဆိုရင် လွတ်လပ်မှု၊ လူမှုတရားမျှတမှု၊ တန်းတူမှုနဲ့ သွေးစည်းညီညွတ်မှုဆိုတဲ့ အခြေအနေတွေကို ပုံဖော်ပြရာမှာ အင်မတန်အသုံးဝင်မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေဘက်က တာဝန်ယူဖို့ကလည်း အရေးပါပါတယ်။ တာဝန်ယူဖို့ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို အထူးပြုပြီး စည်းရုံးဖို့ လေ့ကျင့်ပျိုးထောင်ဖို့၊ အမှန်တကယ် ကိုယ့်စည်းရုံးမှုနဲ့ လေ့ကျင့်ပျိုးထောင်မှုဟာ သက်ရောက်မှုရှိရဲ့လား၊ ထိရောက်မှုရှိရဲ့လားဆိုတာကို ဆန်းစစ်နေဖို့လည်း လိုပါတယ်။ အဲလိုလုပ်နိုင်ဖို့ဆိုရာမှာလည်း ပါတီရဲ့ပေါ်လစီတွေ လုပ်ငန်းစဉ်တွေ ဘတ်ဂျက်ခွဲဝေမှု စတဲ့ အဆင့်ဆင့်တိုင်းမှာ ထည့်သွင်းတွက်ချက် ခွဲဝေလုပ်ဆောင် တာဝန်ပေးဖို့ကလည်း အရေးကြီးလှပါတယ်။ ပေါ်လစီရှိတာပဲ၊ လုပ်ငန်းစဉ်ရှိတာပဲ၊ ဘတ်ဂျက်လုပ်ထားပေးတာပဲ အမျိုးသမီးတွေ ကြိုးစားပေါ့၊ လုပ်ဆောင်ပေါ့လို့ ပြောမယ်ဆိုရင် ဒါဟာ အမျိုးသမီးရေးကို ပေါ့ပေါ့ဆဆ စဉ်းစားခြင်းဘဲဖြစ်ပါတယ်။ အမျိုးသမီးရေးဟာ နိုင်ငံရေး ဖြစ်တာကြောင့် အမျိုးသမီးတွေပါဝင်မှုဟာ နိုင်ငံရေးအရ အရေးကြီးကြောင်းစဉ်းစားပြီး ရှေ့ဆောင်လမ်းပြလုပ်နေတဲ့ နိုင်ငံရေးခေါင်းဆောင် အမျိုးသားများ တာဝန်အထူးရှိသလို ပါဝင်နိုင်ဖို့ ရုန်းကန်ရမယ့် အမျိုးသမီးတွေဖက်က တာဝန်ကလည်း အလွန်အရေးကြီးကြောင်း တင်ပြလိုက်ပါတယ်။

**■ မေစဝ်မှန်း**

# အနာခစ်ဇင်း

**■ ကိုဘာ ■**

အနာခစ်ဇင်းကို မင်းမဲ့ဝါဒဟုလည်းကောင်း၊ အစိုးရမဲ့ဝါဒဟုလည်းကောင်း သမုတ်၏။

၁၉ ရာစုကပင် စတင်ခဲ့သည့် အယူဝါဒ၊ လှုပ်ရှားမှုတစ်ရပ် ဖြစ်ခဲ့သော်လည်း ၁၉၇၀(၂၀ ရာစု နှောင်းပိုင်း) မင်းမဲ့ဝါဒ သင်္ကေတတစ်ရပ်ဖြစ်သည့် စက်ဝိုင်းအတွင်း **A** အက္ခရာ သင်္ကေတန်မှာ ယနေ့ကာလ လူငယ်များကြား ပို၍တွင်ကျယ်သည့် အနာခစ်ဇင်းသင်္ကေတ ဖြစ်သည်။

**သဘာဝအားဖြင့် လူသည် ကောင်းသည်။ လူ့အဖွဲ့အစည်းသည် ကောင်းသည်။ အခြေခံအားဖြင့် လူသည် လူချင်း ပေါင်းဖွဲ့နေလေ့ရှိသည်။ ရိုင်းပင်းဖေးမသည်။ စိတ်ရင်းကောင်းခြင်း၊ ဆင်ခြင်တုံရှိခြင်းတို့ မွေးရာပါ သဘာဝအလျောက်ရှိသည်။ ကောင်းသော သဘာဝချင်း တူသည့်လူများ ဆန္ဒအလျောက် ပူးပေါင်းစုဖွဲ့ နေထိုင်သောကြောင့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရသည်။ လူ့အဖွဲ့အစည်းအတွင်း အချင်းချင်း ဆက်ဆံရေး ဟန်ချက်ညှိ၍ နေလေ့သဘာဝရှိသည်။**

အနာခစ်တို့က ဤသို့ ယုံကြည်ယူဆကြသည်။ အနာခစ်ဇင်း အတွေးအခေါ်များသည် liberal individualism နှင့် socialist communitarianism အတွေးအခေါ်များမှ ဆင်းသက်လာသည် ဆို၏။

liberal individualism အတွေးအခေါ်သည် တစ်ဦးချင်းဝါဒနဲ့ လွတ်လပ်ခွင့်အား အမြင့်မားဆုံး လိုလားသော သဘောထားရှိပေသည်။ သို့သော် နိုင်ငံတော်နှင့်အစိုးရ တည်ရှိမှုကို ငြင်းဆန်ခြင်းမရှိ။ Individual Anarchists များကမူ နိုင်ငံတော်နဲ့ အစိုးရတည်ရှိမှုဆိုသည်အား ငြင်းဆန်ကြ၏။

Socialist Communitarianism မှ လူ့အဖွဲ့အစည်း၊ ပူးပေါင်းဆောင်ရွက်မှု၊ တန်းတူညီ ဆိုသည့် သဘောတရားတို့ကို အနာခစ်တို့က နှစ်သက်၏။ Social Solidarity ရရှိရေးအတွက် လူသားတို့စွမ်းရည်နှင့် လိုအပ်ချက်များကို အလေးပေးသည့် Collective Anarchism အတွေးအခေါ် အယူအဆကို ဖေါ်ထုတ်ကြသည်။

အစိုးရ (မင်းအာဏာ)ဟူ၍ ပေါ်ပေါက်လာသည့်အခါ ဖိနှိပ်မှုယန္တရား ပေါ်ပေါက်လာပြီး လူ့လောက၌ အရှုပ်အထွေးတို့ ဖြစ်ပေါ်လာသည် ဆို၏။ ဖိနှိပ်မှုယန္တရား(နိုင်ငံတော်)သည် လူ့အဖွဲ့အစည်း၏ ညီညွတ်မျှတမှုသဘာဝကို ဆန့်ကျင်နေသဖြင့် တရားရုံး၊ လွှတ်တော်၊ ရဲ၊ အစိုးရအဖွဲ့ စသည့် နိုင်ငံတော် အဆောက်အအုံတို့ကို လူ့အဖွဲ့အစည်းက စွန့်ပယ်ကြရမည်ဟု ယူဆကြလေသည်။

အစိုးရမဲ့သည့် လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် အကြမ်းမဖက်ဘဲ လူအများကို ဆွေးနွေး သိမ်းသွင်း ပညာပေးကြရမည်ဟုလည်း ဆော်ဩတတ်လေသည်။

ဤအိုင်ဒီရော်လော်ဂျီကို ဖော်ထုတ်ခဲ့သည့် ပြင်သစ်မင်းမဲ့ဝါဒီ Pierre-Joseph Proudhon ဆိုသူက လွတ်လပ်သော လယ်သမားများ၊ အနုပညာရှင်များ၊ လက်မှုပညာရှင်များ ပါဝင်သော လူ့အဖွဲ့အစည်းငယ်လေးများက အရင်းရှင်စနစ်၏ အမြတ်ထုတ်မှု၊ မတရားမှုများ မပါဝင်သော တရားမျှတ၍ တန်းတူညီမျှသော စနစ်များကို အသုံးပြုလျက် ၎င်းတို့ လူ့ဘဝကို ၎င်းတို့ဖာသာ စီမံခန့်ခွဲနိုင်မည်ဟုဆိုခဲ့သည်။

William Godwin က အစိုးရမဲ့ လူ့အဖွဲ့အစည်းတွင် ပုဂ္ဂလိကပိုင်ဆိုင်မှု မရှိ၊ လူအများက မိမိတို့ အရေးအရာများကို ကိုယ်တိုင် စီမံခန့်ခွဲကြလိမ့်မည်။ ဘုံပိုင်မှု၊ ကိုယ်တိုင်ပါဝင်စီမံခန့်ခွဲမှု၊ ဆက်ဆံရေး အပြန်အလှန် ထိန်းညှိမှုတို့ကြောင့် လူမှုကိုယ်ကျင့်တရား ပျက်ပြားမှု၊ ခိုးဆိုးလုယက် ဒုစရိုက်များလည်း မရှိနိုင်ဟု ဆိုပေ၏။

Proudhon ကမူ အစိုးရဆိုသည် ဘုရားသခင်၏ ဒဏ်ခတ်ခြင်း ခံရသူများဟု ဆို၏။ ၎င်းက အစိုးရသည် လူတို့၏ ရန်သူဟု ယူဆ၏။ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ချမ်းသာကြွယ်ဝမှုနှင့် အခွင့်အရေးရယူမှုတို့အား ခိုးဝှက်ခြင်းတမျိုးဟု ပရောက်ဒွန်က သမုတ်သည်။

Michael Bakunin ၏ အဆိုအရမူ ဓနရှင်ပိုင်ဆိုင်မှု အစုစုနှင့်တကွ အစိုးရယန္တရားကိုပါ ဖြိုချဖျက်ဆီးပစ်ရမည်။ ဓနဥစ္စာပိုင်သူတို့၏ နိုင်ငံတော်ကို အဖိနှိပ်ခံတို့ စည်းလုံးသောအင်အားဖြင့် သဏ္ဍာန်မျိုးစုံသုံး၍ တိုက်ခိုက်ထိုးနှက်ရမည်။ အဆုံးသတ်အောင်ပွဲအတွက် လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲကြရမည်။ ပိုင်ဆိုင်သူလူတန်းစားဆိုသည်နှင့် ၎င်းတို့၏ နိုင်ငံရေးကိုယ်စားလှယ်မှန်သမျှ ဖျက်သိမ်းပြီးမှသာ လူ့အဖွဲ့အစည်း၏ အောင်ပွဲ အစစ်အမှန်သို့ ဆိုက်ရောက်မည်ဟု ဆိုလေသည်။ ဘာကူနင်၏ အယူအဆအခြေခံကြောင့် လုပ်ကြံသတ်ဖြတ်ရေးလုပ်ဟန်များ ပေါ်ပေါက်သည်အထိ ဖြစ်ခဲ့၏။ ကွန်မြူနစ် မင်းမဲ့ဝါဒီဟု ၎င်းအား ကင်ပွန်းတပ်ကြ၏။

အနာခစ်ဇင်းနှင့် ပတ်သက်၍ အခြားထင်ရှားသည့် တွေးခေါ်ပညာရှင်များမှာ Noam Chomsky နှင့် Murray Bookchin ဆိုသူတို့ ဖြစ်သည်။ Michael Hardt နှင့် Antonio Negri တို့ရေးသားပြုစုသည့် Empire စာအုပ်ကလည်း ခေတ်သစ်အနာခစ်ဇင်း အယူအဆကို နိုင်ငံရေးလမ်းညွှန်အဖြစ် အသုံးတော်ခံခဲ့သည် ဆို၏။ Uri Gordon နှင့် John Holloway တို့သည်လည်း မော်ဒန်အနာခစ်ဇင်းအတွက် အရေးပါသူ ပညာရှင်များ ဖြစ်ကြပြီး၊ အနောက်ကမ္ဘာကမူ မာ့က်စ်ဝါဒီ

တွေးခေါ်ပညာရှင်များအဖြစ် ဖော်ပြ၏။

အယူဝါဒရေးရာအရဆိုလျှင် မင်းမဲ့ဝါဒသမား တစ်ယောက်သည် ပြောင်းပြန်လှန်ထားသော ဓနရှင်တစ်ယောက်ပင် ဖြစ်သည်ဟု လီနင်ကဆိုဖူး၏။ အလုပ်သမားလူတန်းစား၏ နိုင်ငံရေးအရ စုစည်းစုဖွဲ့မှုကိုလည်းကောင်း၊ အလုပ်သမား လူတန်းစားက အာဏာရယူရန် လိုအပ်ခြင်းကိုလည်းကောင်း မင်းမဲ့ဝါဒက ပစ်ပယ်၍ ထိုသို့ဆိုခြင်းဖြစ်သည်။ ခြောက်လှန့်ရေးကို တိုက်ပွဲဝင်လက်နက်အဖြစ် အသုံးချသည်၊ လူထုအဖွဲ့အစည်း စည်းရုံးဖွဲ့စည်းမရအောင် လုပ်ရာရောက်သည်၊ လူထုတိုက်ပွဲ မဖြစ်ပေါ်ရေးဆီသို့ ဦးတည်သည် ဟူ၍ မင်းမဲ့ဝါဒအပေါ် သုံးသပ်ဝေဖန်ကြသည်။ ကလေးငယ်တစ်ဦးကို လေးဘက်တွားသွားသည့်အဆင့်မှ လမ်းလျှောက်သည့်အဆင့်သို့ သင်မပေးဘဲထားသည့်ပမာဖြင့် တင်စားကြ၏။ ခေါင်းဆောင်၊ အဖွဲ့အစည်း၊ နိုင်ငံရေးရည်မှန်းချက် စသည်ဖြင့် အတည်တကျမရှိသည့်အတွက် လှုပ်ရှားမှုများကို တစ်ဆင့်တက်၍ နိုင်ငံရေးအရ ရလဒ်တစုံတရာ ပေါ်ထွက်သည်အထိ သယ်ဆောင်မသွားနိုင်ဟု ဆိုလိုရင်း ဖြစ်သည်။

ခေတ်သစ် (၁၉၉၀ အလွန်) အနာခစ်များ၏ လက်တွေ့တွင် ဖိနှိပ်မှု၏ သဘောသဘာဝများအပေါ် ငြင်းခုံခြင်း မပြုကြတော့ဘဲ ဆန္ဒပြ လှုပ်ရှားရေး နည်းနာ၊ နည်းဗျူဟာများကိုသာ ထပ်တလဲလဲ ဆွေးနွေးခြင်း၊ တင်ပြခြင်း ပြုလာကြ၏။ ဂလိုဘယ်တရားမျှတရေးအသွင် လှုပ်ရှားမှုကြီးအတွင်း အသွင်ကွဲ အင်အားစုပေါင်းစုံ ရောနှောပါဝင်သည့် အခြေအနေအရ နိုင်ငံရေးကွဲပြားမှုများကို ရှောင်ရှား၍ ဘုံအလုပ်များ ရှာဖွေရင်း အခြေခံမူများပါ ပျောက်ဆုံးသည်အထိ နည်းနာ၊ နည်းဗျူဟာဘက်သို့ အသားပေးလာခဲ့ကြ၏။ မူလအခြေခံဖြစ်သည့် မင်း အစိုးရမရှိရေး မျှော်မှန်းချက်လည်း လျော့လျဲလျဲ ဖြစ်လာခဲ့သည်။

အခြားတဖက်တွင် ဓနရှင်လူတန်းစားအနေဖြင့် ၎င်းတို့၏ သွေးစုပ်မှုစနစ် အခြေခံအုဋ္ဌမြစ်အား အလျဉ်းမထိခိုက်စေသည်ကို သဘောပေါက်ထားသဖြင့် အနာခစ်များအား တဖက်လှည့်ဖြင့် မြှောက်ပင့်ထောက်ပံ့မှုများပြုလျက် ၎င်းတို့၏ စနစ်ကို တိုက်ရိုက်ထိုးနှက်သူ မာ့က်စ်ဝါဒလှုပ်ရှားမှုများအား တန်ပြန်တိုက်ခိုက်ရေးအတွက် အသုံးချတတ်ကြ၏။

အနာခစ်ဇင်သည် နိုင်ငံရေးအိုင်ဒီရော်လော်ဂျီများအကြား၌ မှုမှန်မဟုတ်သော အိုင်ဒီရော်လော်ဂျီတခုဖြစ်သည်။ မည်သည့် အနာခစ်ပါတီမှ ကမ္ဘာပေါ်တွင် အာဏာရခဲ့ဖူးခြင်း မရှိချေ။ သို့ရာတွင် ၎င်းတို့၏လှုပ်ရှားမှုများသည် စပိန်၊ ပြင်သစ်၊ ရုရှားနှင့် မက်ဆီကိုနိုင်ငံများ၌ တစုံတရာ အားကောင်းခဲ့လေသည်။

■ **ကိုဘာ**

**အကိုးအကားများ**

၁။ – ကမ္ဘာ့နိုင်ငံရေး အတွေးအခေါ်များသမိုင်း (မဆလ[ပါတီစာနယ်ဇင်း ဌာနကြီး])

၂။ နိုင်ငံရေးအိုင်ဒီရော်လော်ဂျီများအား Alternative Spectrum သဏ္ဍာန်ဖြင့် ခွဲခြားလေ့လာခြင်း(ဒေါ်ခင်မမမျိုး)

၃။ ဂန္ထဝင်မင်းမဲ့ မော်ဒန်မင်းမဲ့ (နေဦးဝေ)

## တိုးတက်သောဒီမိုကရက်တစ်အင်အားစု(PDF)၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေး



တိုးတက်သောဒီမိုကရက်တစ် အင်အားစု(PDF)နှင့် မဟာမိတ်အင်အားစုများ၏ အစည်းအဝေးကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၌ ၂၀၁၈ မေလ ၂ ရက်နေ့လည်ပိုင်းတွင် ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ယနေ့ကာလ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ လတ်တလော ဆောင်ရွက်သင့်သည်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။

အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူထုပါဝင်မှု တိုးမြှင့်နိုင်ရေးအတွက် ငြိမ်းချမ်းရေး လူထုနှီးနှောဖလှယ်ပွဲများ ဖြစ်နိုင်သည့်နေရာဒေသအသီးသီးတွင် ဆောင်ရွက်သွားရန် ညှိနှိုင်းခဲ့ကြပါသည်။ အစည်းအဝေးသို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူ့ဘောင်သစ်လူငယ်၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့၊ ညီညွတ်သောအမျိုးသားဒီမိုကရေစီအဖွဲ့၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦး၊ ၇၄–၇၅–၇၆နိုင်ငံရေးအင်အားစု၊ ဉာဏ်လင်းသစ်ရည်ညွှန်းစာကြည့်တိုက်၊ စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့၊ မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ရက်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်တို့မှ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေး(၁/၂၀၁၈)ကို ကျင်းပ




လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေး(၁/၂၀၁၈)ကို ရန်ကုန်မြို့ရှိ ပါတီဌာနချုပ်ရုံး၌ ၂၀၁၈ မေလ ၁၉ ရက်နှင့် ၂၀ ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။ ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က အစည်းအဝေးအဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကာလ နိုင်ငံရေးအကြပ်အတည်းများကို ကျော်ဖြတ်နိုင်ဖို့ လိုအပ်ကြောင်း၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် တိုင်းပြည်ရှေ့ရောက်အောင် ဆက်တွန်းဖို့ အရေးကြီးသည့်ကာလဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။ ထို့နောက် ဗဟိုဦးဆောင်ကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာ၊ လုပ်ငန်းအစီရင်ခံစာ၊ ၂၀၁၈ ခုနှစ်အတွင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေး အတည်ပြုခဲ့ကြပါသည်။ ဗဟိုစည်းရုံးရေးကော်မတီဝင်များကလည်း ဒေသဆိုင်ရာကိစ္စရပ်များနှင့် ဒေသအလိုက်ဆောင်ရွက်ထားမှုများကို ပြန်လည်တင်ပြ ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးမှ လတ်တလောဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းချမှတ်ခဲ့ကြပါသည်။

---

## အနာဂတ်နိုင်ငံတော်တည်ဆောက်ခြင်းဆွေးနွေးပွဲသို့တက်ရောက်



အနာဂတ်နိုင်ငံတော် တည်ဆောက်ခြင်း 'Building The Future State' ဆွေးနွေးပွဲကို စည်လုံးညီညွတ်သော တိုင်းရင်းသား လူမျိုးများမဟာမိတ်အဖွဲ့(UNA)နှင့် တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့တို့က ရန်ကုန်မြို့ Melia ဟိုတယ်တွင် ပူးပေါင်းကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲကို ၂၀၁၈ ဧပြီလ ၂၉ ရက်နေ့နံနက် ၈း၀၀ နာရီမှ နေ့လည် ၁း၀၀ အထိ ကျင်းပခဲ့သည်။ စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA+)မှ တိုင်းရင်းသားလူငယ်ခေါင်းဆောင်များ၊ အဖွဲ့အစည်းခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် ကွန်ရက်များမှ ဖိတ်ကြားထားသူများ တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။အဆိုပါ Panel Discussion တွင် ဦးစိုင်းညွန့်လွင်၊ ဦးအောင်မိုးဇော်၊ မိဆူးပွင့်၊ မန်းကျော်ညီမ်း၊ ဦးမျိုးကျော်၊ ဒေါက်တာကျော်သူ၊ ဦးမင်းဇင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုအနေအထား၊ အနာဂတ်နိုင်ငံတော်အတွက်ရည်မှန်းချက်များ၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် အခြေခံသင့်သည့် အဓိကအုတ်မြစ်များ၊ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်သင့်သည့်နည်းလမ်းများကို အဓိကထား ဆွေးနွေးခဲ့ကြပါသည်။

---

## မြင်းခြံမြို့နယ်မှပါတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



လူ့အောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော် အပါအဝင် ဌာနချုပ်ရဲဘော်များသည် မြင်းခြံမြို့နယ် စည်းရုံးရေးကော်မတီဝင်များ၊ ပါတီဝင်များနှင့် ၂၀၁၈ ဇွန်လ ၁၈ နှင့် ၁၉ ရက်နေ့များတွင် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတရပ်ကို ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် မြင်းခြံမြို့နယ်၏ စည်းရုံးရေးအခြေအနေများ၊ ပါတီရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

## ဇွန် ၆ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်



(၄၄)နှစ်မြောက် မဆလစစ်အာဏာရှင် ဆန့်ကျင်ရေး ၇၄–၇၅–၇၆ အလုပ်သမားအရေးအခင်းနှင့် ကျောင်းသားလှုပ်ရှားမှုနှစ်ပတ်လည် အခမ်းအနားကို ၂၀၁၈၊ ဇွန်လ ၆ ရက်နံနက်ပိုင်းတွင် တောင်ဥက္ကလာပ စိတ်တိုင်းကျစားသောက်ဆိုင်၌ ကျင်းပခဲ့ပါသည်။ အခမ်းအနားကို ၇၄–၇၅–၇၆ နိုင်ငံရေးအင်အားစုက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ကျွန်းပြန်နိုင်ငံရေးအင်အားစု၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူ့ဘောင်သစ်လူငယ်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂုဏ်ဗိမာန်စောင့်ရှောက်ရေးအဖွဲ့၊ ဗကသများအဖွဲ့ချုပ်၊ ဆိုရှယ်ဒီမိုကရက်တစ်ညီညွတ်ရေးတပ်ဦး၊ ဗမာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် လူငယ်စွမ်းရည်မြှင့်သင်တန်း(YES)မှ သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတက်ရောက်ကြသည့် အဖွဲ့အစည်းအသီးသီးက သဝဏ်လွှာများ ပေးပို့ခဲ့ကြပြီး ဂုဏ်ပြုအမှတ်တရစကားများ ပြောကြားခဲ့ကြပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က လက်ရှိအခြေအနေတွင် ဒီမိုကရေစီအခွင့်အရေးများ ပိုမိုနည်းပါးလာနေကြောင်း၊ ၂၁ ရာစုပင်လုံနှင့် NCA ကို ပြန်လည်သုံးသပ်ဖို့ လိုအပ်ကြောင်း၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတို့မှာ အလှမ်းဝေးနေဆဲဖြစ်ကြောင်း ထောက်ပြပြီး တစ်တိုင်းပြည်လုံးရှိအင်အားစု အသီးသီးအနေဖြင့် ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ရုန်းကန်လှုပ်ရှားဆောင်ရွက်ကြဖို့လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

---

## ငြိမ်းချမ်းရေးလူထုနှီးနှောဖလှယ်ပွဲ(ကရင်နီပြည်)ကို စုပေါင်းကျင်းပ



ငြိမ်းချမ်းရေးလူထုနှီးနှောဖလှယ်ပွဲ (ကရင်နီပြည်)ကို လွိုက်ကော်မြို့ ကေ့ထျိုးဘိုးခန်းမ၌ ၂၀၁၈ မေလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ၃ ရက်ကြာ ပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲကို UKSY နှင့် LAIN အဖွဲ့တို့မှ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲသို့ ဒေသခံတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အင်အားစုများ၊ ဒေသခံနိုင်ငံရေးပါတီများ၊ ဒေသခံနိုင်ငံရေးအင်အားစုများ ၊ ဒေသခံပြည်သူများနှင့် လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းများ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအပါအဝင် တိုးတက်သော ဒီမိုကရက်တစ်အင်အားစု အဖွဲ့ဝင်များ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့် ငြိမ်းချမ်းရေးလိုလားသူများ သုံးရာကျော်ခန့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ လူထုဆန္ဒကိုအခြေခံသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရန်၊ ညီညွတ်ခြင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် နှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းဖြစ်ပါသည်။ ပထမနေ့တွင် ဦးစိုင်းညွန့်လွင် (အတွင်းရေးမှူး–ရှမ်းတိုင်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)၊ ဦးမင်းဇင်၊ ဦးအောင်မိုးဇော်(ဥက္ကဋ္ဌ–လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)တို့က ဟောပြောဆွေးနွေးပေးခဲ့ကြပါသည်။ ဒုတိယနေ့တွင် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသည့် အဖွဲ့အစည်းပေါင်း ၂၅ ဖွဲ့က ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် သဘောထားစာတမ်းများ တင်သွင်းဖတ်ကြားခဲ့ကြပါသည်။ နောက်ဆုံးနေ့တွင် အစည်းအဝေးတက်ရောက်လာသူများက မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အကြံပြုချက်များနှင့် လုပ်ဆောင်သင့်သည်များကို အုပ်စုကိုးစုခွဲ၍ ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးရရှိချက်များကိုအခြေခံ၍ အမြင်သဘောထား စုစည်းထုတ်ပြန်ချက်တစ်စောင်ကိုလည်း စုပေါင်းထုတ်ပြန်ခဲ့ကြပါသည်။